ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့ (16-1-2014) (၇၇၂၇)

## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

### ထူးခြားသည့်ညအပူချိန်များ

| | |
|---|---|
| ဟားခါး | ၃ ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၃ ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၄ ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၄ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၄ ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၄ ဒီဂရီစင်တီဂရိတ် |

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပုဂံရှိ ခရီးသွားလုပ်ငန်းဆိုင်ရာအခြေခံအဆောက်အအုံနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး မြှင့်တင်ဆောင်ရွက်သွားမည်

# မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းများတွင် နိုင်ငံခြားဘဏ်များ ဝင်ရောက်လုပ်ကိုင်နိုင်စေရန် စနစ်တကျဆောင်ရွက်သွားမည်

**နေပြည်တော် ဇန်နဝါရီ ၁၅**

ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက်ပိုင်းက ကျင်းပပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်သော ပြည်ထောင်စုအဆင့် ဌာန/အဖွဲ့အစည်းများ၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များ၊ နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်များကို သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြကြသည်။

ထိုသို့ရှင်းလင်းတင်ပြရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မြန်မာ-တရုတ်နယ်စပ် မူဆယ်-ရွှေလီ ဝင်/ထွက်ပေါက်ကို နိုင်ငံတကာ ဝင်/ထွက်ပေါက်အဖြစ် အဆင့်မြှင့်တင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း Online Visa သို့မဟုတ် e-Visa စနစ်အား တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အပြင် Permanent Residence (PR)ခေါ် နိုင်ငံခြားသား အမြဲတမ်းနေထိုင်ခွင့်စနစ်ကိုလည်း

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ▲**

## ကယားပြည်နယ်နေ့ အခမ်းအနားကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၁၅**

ကယားပြည်နယ်သည် အကျယ်အဝန်းအားဖြင့် စတုရန်းမိုင်ပေါင်း ၄၅၂၉ ဒသမ ၅၆ ရှိပြီး မြို့နယ် ခုနစ်မြို့နယ်နှင့် မြို့နယ်ခွဲ တစ်မြို့နယ် စုစုပေါင်း မြို့နယ်ရှစ်မြို့နယ်၊ ကျေးရွာပေါင်း ၅၁၁ ရွာရှိပြီး လူဦးရေ ၃၆၀၀၀၀ ကျော်ရှိသည့် ပြည်နယ်ဖြစ်သည်။

ကယားပြည်နယ်၏ ပြည်နယ်နေ့ အခမ်းအနားကို ၁၉၅၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ စတင်ကျင်းပခဲ့ရာ (၆၂)နှစ်မြောက်အဖြစ် ဇန်နဝါရီ ၁၀ ရက်မှ ၁၈ ရက်ထိ လွိုင်ကော်မြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပလျက်ရှိပြီး ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် လူထုအစည်းအဝေးပွဲကို ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ တိုင်းရင်းသားမျိုးနွယ်စုများနှင့် အဖွဲ့အစည်းများ စုစုပေါင်း ၁၀၀၀ ကျော် တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ပြည်နယ်အတွင်း၌ မှီတင်းနေထိုင်ကြသည့် ကယား၊ ကယန်း(ပဒေါင်)၊ ကယန်း (ဂေခို)၊ ကယန်း(ဂေဘား)၊

**စာမျက်နှာ ၉ ကော်လံ ၂ သို့ ✱**



## ခေတ်မီစက်လှေကားတပ်ဆင်ထားသည့် လူကူးခုံးကျော်တံတားသစ် တည်ဆောက်မည်

**ရန်ကုန် ဇန်နဝါရီ ၁၅**

ရန်ကုန်-ဒလ ကူးတို့သင်္ဘောစီးခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် ကမ်းနားလမ်း (လမ်းဟောင်း)နှင့် ကွန်တိန်နာသွားကွန်ကရစ်လမ်းသစ်တို့ကို ကျော်ဖြတ်တည်ဆောက်မည့် ခေတ်မီစက်လှေကားတပ်ဆင်ထားသည့်ပန်းဆိုးတန်းနှင့် နန်းသီတာဆိပ်ကမ်းပေါင်းကူး လူကူးခုံးကျော်တံတားသစ်ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် FIRST MYANMAR INVESTMENT Co., Ltd. တို့ ပူးပေါင်း၍ မကြာမီ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ - စောသိန်းဝင်း

ရန်ကုန်မြို့၏ လမ်းများပေါ်၌ မော်တော်ယာဉ်သုံးစွဲမှုပမာဏသည် နေ့စဉ်တိုးပွားလျက်ရှိပြီး လမ်းအသုံးပြုသူများ၏ လမ်းဖြတ်ကူးမှုအရေးအတွက်မှာလည်း အချိန်နှင့်အမျှ တိုးပွားမြင့်တက်လျက်ရှိသည့်အတွက် ကမ်းနားလမ်း (ဟောင်း) အတွင်းသွားလာလျက်ရှိသော မော်တော်ယာဉ်များ လမ်းပန်းဆက်သွယ်သွားလာမှု လုံခြုံချောမွေ့စေရေး၊

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ◯**

## ပါရာဆီးဂိမ်း အထူးထုတ် ထုတ်ဝေ

**နေပြည်တော် ဇန်နဝါရီ ၁၅**

(၇)ကြိမ်မြောက် အရှေ့တောင်အာရှ မသန်စွမ်း အားကစားပြိုင်ပွဲကို ဂုဏ်ပြုသောအားဖြင့် နေ့စဉ်ထုတ် ကြေးမုံသတင်းစာတွင် ဆီးဂိမ်းအထူးထုတ် နှစ်မျက်နှာကို ဇန်နဝါရီ ၁၆ ရက်မှ ပြိုင်ပွဲပြီးဆုံးသည့် ဇန်နဝါရီ ၂၁ ရက်အထိ နေ့စဉ်ထုတ်ဝေသွားမည် ဖြစ်ပါသည်။ ပါရာဆီးဂိမ်း အထူးထုတ် ထုတ်ဝေနေစဉ်ကာလအတွင်း ဇန်နဝါရီ ၁၉ ရက် တနင်္ဂနွေ အထူးထုတ်ကို တစ်ပတ် ခေတ္တ ရပ်နားထားမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

(ကြေးမုံ)

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။



**ကြေးမုံ စာ တည်း ရှု ထောင့်** **၁၆-၁-၂၀၁၄၊ ကြာသပတေးနေ့**

# အစဉ်အသင့်ရှိသည့် လူငယ်များ

ကင်းထောက်ဆိုသည်မှာ စစ်သဘောမပါ၊ နိုင်ငံရေးမစွက်၊ လူမှုဝန်ထမ်းလုပ်ငန်းသက်သက်ကိုသာ ဆောင်ရွက်ကြသူများ ဖြစ်ပါသည်။ ထို့အပြင် ကင်းထောက်တို့သည် လက်တွေ့ကျသော ကျွမ်းကျင်မှုရရှိအောင် လေ့ကျင့်သင်ကြားခြင်း၊ စခန်းထွက်လေ့ကျင့်ခြင်းတို့ ပြုလုပ်ကြသူများဖြစ်၏။ ထိုမျှသာမက မိမိတို့တက်ရောက်နေသော အတန်းတိုင်းတွင် စာထူးချွန်သည်ဖြစ်စေ၊ မထူးချွန်သည်ဖြစ်စေ ကျောင်းသားလူငယ်တိုင်း ပါဝင်ခွင့်ရသော အဖွဲ့အစည်းဖြစ်၏။

မြန်မာနိုင်ငံတွင် ကင်းထောက်လူငယ် အဖွဲ့အစည်းများကို ၁၉၂၀ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ခေတ်အဆက်ဆက် အစဉ်အလာကောင်းများဖြင့် တည်ထောင်ခဲ့ပြီးနောက် ၁၉၆၄ ခုနှစ် မတ်လ ၁ ရက်နေ့တွင် အကြောင်းအမျိုးမျိုးကြောင့် ကင်းထောက်လူငယ်အဖွဲ့များကို ဖျက်သိမ်းခဲ့ပါသည်။

သို့သော် ဒီမိုကရေစီခေတ်ဖြစ်သည့် ယနေ့ကာလတွင် အနာဂတ်လူငယ်လေးများအတွက် အကျိုးရှိမည့်ကိစ္စမှန်သမျှကို အားပေးချီးမြှောက်ပေးလျက်ရှိသည့် အစိုးရသစ်က အစဉ်အလာကောင်းများနှင့်ပြည့်စုံသော ကင်းထောက်လူငယ်အဖွဲ့များကို ပြန်လည်ထူထောင်ပေးလိုက်နိုင်သဖြင့် လူငယ်လူရွယ်များအတွက် များစွာဝမ်းမြောက်မိသည်။

ယနေ့ဖွဲ့စည်းပေးထားသည့် ကင်းထောက်လူငယ်များကို လေ့လာကြည့်လျှင် အလယ်တန်းအဆင့် ကျောင်းသားများဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရသည်။ စတင်ဖွဲ့စည်းစဉ်က နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ကြွရောက်အားပေးချီးမြှင့်ခဲ့ပြီး ယမန်နေ့က ကျင်းပခဲ့သော မြန်မာနိုင်ငံကင်းထောက်ဗဟိုကော်မတီဖွဲ့စည်းရေး ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းက မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ကို ပီပီပြင်ပြင်ဖွဲ့စည်းနိုင်ရန်နှင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်အထိ တိုးချဲ့ ဖွဲ့စည်းနိုင်ရေးအတွက် လမ်းညွှန်မှုပြုခဲ့သည်။

ယနေ့မြန်မာနိုင်ငံတွင် ဖွဲ့စည်းထားသည့် ကင်းထောက်အဖွဲ့အစည်းများမှာ သက်တမ်းအားဖြင့် တစ်နှစ်ကျော်သာရှိသော်လည်း ဖွဲ့စည်းဆောင်ရွက်မှုများ တိုးတက်မြန်ဆန်သွက်လက်နေသည်ကို တွေ့ရှိရပါသည်။ ၂၀၁၃ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းပေါင်း ၂၀ မှ အလယ်တန်းကျောင်းသား ၂၀၀၀ ကို သင်တန်းပေးကာ ကင်းစိတ်အဖွဲ့များ ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည်။

ယခု အခြေခံ၊ အဆင့်မြင့် ကျောင်းသားလူငယ်အားလုံး ပါဝင်ခွင့်ရမည်ဆိုလျှင် နိုင်ငံနှင့်ဒေသအတွက် အားထားဖွယ်ရာ လူငယ်လူရွယ်များ အမြောက်အမြားပေါ်ထွက်လာနိုင်ပေသည်။ ယနေ့ဂလိုဘယ်လ်လိုက်ဇေးရှင်း ခေတ်ကာလတွင် လူငယ်လူရွယ်များမှာ အတန်းပညာတတ်မြောက်ရေးနှင့် ခေတ်ကာလ၏ ဆွဲဆောင်မှုနောက်သို့ အများစု လိုက်ပါနေသည်ကို တွေ့ရမည်ဖြစ်သည်။ အဆင်မသင့်လျှင် လမ်းချော်ထွက်တတ်သဖြင့် ထိုလူငယ်လူရွယ်များ၏ စိတ်ထားများနှင့် အပြုအမူများကို စုစည်းပျိုးထောင်ပေးဖို့ လိုအပ်ပေသည်။

ကင်းထောက်အဖွဲ့ရည်ရွယ်ချက်တွင် လူမှုဝန်ထမ်းကိစ္စအတွက်ဖြစ်သည်ကို သတိမူရပေမည်။ ရည်ရွယ်ချက်တွင်ပါဝင်သည့် သူတစ်ပါးကို စောင့်ကြည့်ရန်၊ သူတစ်ပါးထက်သာစေရန်တို့မှာ သူတစ်ပါးကို အနိုင်ကျင့်ရန် ဆိုလိုခြင်းမဟုတ်ဘဲ သူတစ်ပါးကိုကူနိုင်ဖို့၊ အစဉ်အမြဲအသင့်အနေအထားဖြစ်နေဖို့၊ စိတ်ပါလက်ပါ လုပ်ကိုင်တတ်ဖို့၊ အများအတွက် အသုံးဝင်သူဖြစ်စေဖို့ စသည့်အရည်အချင်းကောင်းများနှင့် ပြည့်စုံရမည်ဖြစ်သည်။

ကင်းထောက်အဖွဲ့တွင် ပါဝင်လှုပ်ရှားခြင်းဖြင့် မိမိအတွက် တစ်ကိုယ်ရေကျွမ်းကျင်တတ်မြောက်မှုရနိုင်သည့်အပြင် အများနှင့်စုပေါင်းလုပ်ဆောင်ခွင့်ရသည့်အတွက် လူငယ်များအနေဖြင့် အများနှင့်သဟဇာတဖြစ်အောင် နေထိုင်တတ်သည့် အလေ့အထကောင်းများ ရလာမည်ဖြစ်သည်။ ထို့အပြင် မိမိဒေသ၊ မိမိကျောင်းတွင် နှစ်လုံးပေါက် အကျိုးပြုလုပ်ငန်းများကို လှုပ်ရှားလုပ်ကိုင်နိုင်သဖြင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်သန်စွမ်းလာမည်ဖြစ်သည်။

ထို့ကြောင့် မိမိဒေသ၊ မိမိနိုင်ငံနှင့် မိမိကိုယ်ကိုကောင်းအောင်ဖန်တီးနိုင်သည့်၊ ကျစ်လျစ်ခိုင်မာသည့် ကင်းထောက်လူငယ်အဖွဲ့အစည်းများ တိုးတက်ဖွဲ့စည်းနိုင်အောင် သက်ဆိုင်ရာအဖွဲ့အစည်းအလိုက် စည်းရုံးပျိုးထောင်အကောင်အထည်ဖော်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

# မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေး ပူးတွဲကော်မရှင်အစည်းအဝေးအောင်မြင်ပြီးစီး

**နေပြည်တော် ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် နှစ်နိုင်ငံကုန်သွယ်ရေးပူးတွဲကော်မရှင်ကို ၂၀၀၃ ခုနှစ်တွင် စတင်ဖွဲ့စည်းကာ အစည်းအဝေးများအား ၂၀၀၄ ခုနှစ်မှစ၍ ကျင်းပပြီး နှစ်နိုင်ငံကြား ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် ကုန်သွယ်မှုဆက်စပ်သည့် လုပ်ငန်းစဉ်များလျင်မြန်ချောမွေ့စေရေး ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း၊ နှစ်နိုင်ငံ ဒုတိယဝန်ကြီးအဆင့် ကုန်သွယ်ရေးပူးတွဲကော်မရှင် အစည်းအဝေးများကို နှစ်စဉ်အပြန်အလှန်တစ်လှည့်စီ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ရာ ၂၀၁၃ ခုနှစ်ထိ ဆဋ္ဌမအကြိမ် အစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ သတ္တမအကြိမ်မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေးပူးတွဲကော်မရှင်အစည်းအဝေးကို နေပြည်တော်၌ ဇန်နဝါရီ ၁၄ ရက်တွင် ကျင်းပခဲ့ပြီး ယနေ့တွင် အစည်းအဝေးမှတ်တမ်းကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေးပူးတွဲကော်မရှင် အစည်းအဝေးတွင် နှစ်နိုင်ငံကြား အပြန်အလှန်ကုန်စည်ပြပွဲ ကျင်းပရေး၊ ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန် စေလွှတ်ရေး၊ မြန်မာနိုင်ငံမှ အလားအလာရှိသော ပို့ကုန်များတင်ပို့နိုင်ရေး၊ စိုက်ပျိုးရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံ လေကြောင်းပျံသန်းရေး၊ နှစ်နိုင်ငံကြားရေကြောင်းဆိုင်ရာ ဆောင်ရွက်ရေး၊ နှစ်နိုင်ငံကြား အာရှငွေကြေးရှင်းလင်းရေးစနစ် Asean Clearing Unit(ACU) ကို တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်ရေးနှင့် နှစ်နိုင်ငံကြား ရင်းနှီးမြှုပ်နှံမှုကိစ္စများကို ဆွေးနွေးခဲ့ကြောင်း၊ နှစ်နိုင်ငံ ကုန်သွယ်ရေးပူးတွဲကော်မရှင် အစည်းအဝေးကိုအောင်မြင်စွာ ကျင်းပနိုင်ခြင်းဖြင့် နှစ်နိုင်ငံကြား ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်နိုင်ခဲ့ခြင်း၊ လုပ်ငန်းရှင်များ ရင်ဆိုင်ကြုံတွေ့နေရသော ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများကို ညှိနှိုင်းနိုင်ခြင်း၊ ကုန်သွယ်မှုဆိုင်ရာကိစ္စများကို ဆွေးနွေးနိုင်ခြင်းတို့ကြောင့် နှစ်နိုင်ငံကြားကုန်သွယ်မှုများ ပိုမိုတိုးမြှင့်လာနိုင်မည်ဖြစ်သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ဘင်္ဂလားဒေ့ရှ် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အတွင်းဝန် H.E.Mr. Mahbub Ahmed ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့ပြီး အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၁၅**

| | | |
|---|---|---|
| ရန်ကုန် ရွှေဈေး | ၆၅၆၃၀၀ | - ၆၅၇၀၀၀ |
| မန္တလေး ရွှေဈေး | ၆၅၆၃၀၀ | - ၆၅၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၅၀ | ကျပ် |
| (ခ) အောက်တိန်း95 | တစ်လီတာ | ၁၁၀၀ | ကျပ် |
| (ဂ) အောက်တိန်း92 | တစ်လီတာ | ၉၂၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၈၁၄ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၉၈၆. ၀၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၃၄၈. ၀ |
| (ဂ) စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၇. ၁၄ |
| (ဃ) တရုတ် | တစ်ယွမ် | = ၁၆၃. ၂၁ |
| (င) ထိုင်း | တစ်ဘတ် | = ၃၀. ၀၆၁ |
| (စ) မလေးရှား | တစ်ရင်းဂစ် | = ၃၀၁. ၅၃ |
| (ဆ) အိန္ဒိယ | တစ်ရူပီး | = ၁၆. ၀၃၅ |
| (ဇ) ဂျပန် | တစ်ရာယန်း | = ၉၄၆. ၉၄ |
| (ဈ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၂. ၈၅၇ |
| (ည) ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၈၄. ၁၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**



## ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရန် တာဝန်ရှိသူများ

- ❖ ပြည်ပမှ ကုန်စည်တင်သွင်းသူ၊
- ❖ ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့၊ ကျောက်စိမ်းနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာများ၊ ကျွန်းသစ်လုံးနှင့်သစ်ခွဲသားများ၊ သစ်မာသစ်လုံးနှင့် သစ်မာခွဲသားများကို ပြည်ပသို့ တင်ပို့ရောင်းချသူ၊
- ❖ ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းမှ နှစ်တစ်နှစ်အတွင်းရောင်းရငွေ ကျပ်သိန်းတစ်ရာထက် ပိုမိုရရှိသူ၊
- ❖ ပြည်တွင်း၌ ဆောင်ရွက်သည့်ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ဆောင်မှုရငွေ ကျပ်သိန်းတစ်ရာထက် ပိုမိုရရှိသူ၊



# ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း UNDP ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး / UNDP ဌာနေ ကိုယ်စားလှယ် မစ္စ လော့ဒက်ဆဲလ်လီယန်နှင့်အဖွဲ့အား ယမန်နေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်မြတ်မြတ်စိုး၊ ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**





# ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နော်ဝေနိုင်ငံသံအမတ်ကြီး H.E. Ms. Ann Ollestad အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E. Ms. Ann Ollestad အား ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ဆလိုဗက်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်လွှာပေးအပ်ပြီးဖြစ်

**နေပြည်တော် ဇန်နဝါရီ ၁၆**

ဆလိုဗက်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇော်ထွန်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ဘရာတစ်ဆလာဗာမြို့၌ ဆလိုဗက်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အိုင်ဗင် ဂက်စ်ပါရိုဗစ်(စ်) ထံပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းပါးသော စွမ်းအင်အမျိုးအစားများ သုံးစွဲကြရမည်ဖြစ်

**နေပြည်တော် ဇန်နဝါရီ ၁၅**

စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် Shell Integrated Gas ကုမ္ပဏီတို့ပူးပေါင်း၍ LNG Supply of Myanmar အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော် အမရာဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် လိုအပ်သောစွမ်းအင်အမျိုးမျိုးနှင့် လောင်စာများ ရေရှည်စဉ်ဆက်မပြတ်ရရှိရေးနည်းလမ်းများရှာဖွေဆောင်ရွက်နေကြောင်းနှင့် သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို LNG ဖြင့် ဖြည့်ဆည်းခြင်းနှင့်ပတ်သက်သည့် နည်းပညာနှင့် စီးပွားရေးဆိုင်ရာအချက်အလက်များကို လေ့လာသိရှိရခြင်းဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတို၊ ကာလရှည်စီမံကိန်းလုပ်ငန်းစဉ်များရေးဆွဲရာတွင် များစွာအထောက်အကူပြုကြောင်း ဆွေးနွေးသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က မြန်မာနိုင်ငံတွင် ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးစသော တွင်းထွက်စွမ်းအင်အမျိုးအစားများသာမက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များလည်း သုံးစွဲဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးသော စွမ်းအင်အမျိုးအစားများ သုံးစွဲကြရမည်ဖြစ်ရာ Clean Fuel ဖြစ်သည့် LNG ဓာတ်ငွေ့ရည်ကိုလည်း မြန်မာနိုင်ငံတွင် မကြာခင်အသုံးပြုလာတော့မည်ဖြစ်ကြောင်း၊ ကမ္ဘာ့ LNG ဈေးကွက်ဝင်ရန် ဆိပ်ကမ်း terminal များတည်ဆောက်ခြင်းနှင့် သင်္ဘောများ ဝင်/ထွက်သွားလာရန် လွယ်ကူသော နည်းပညာများကို ပူးပေါင်းလေ့လာရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

Shell ကုမ္ပဏီမှ Dr. Alex Orman ကလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် Natural Gas အသုံးပြုခြင်းသည် ရုပ်ကြွင်းလောင်စာများအနက် အသန့်ရှင်းဆုံးလောင်စာဖြစ်ပြီး ကျောက်မီးသွေးအသုံးပြုခြင်းထက် $Co_2$ ထုတ်လွှတ်မှု တစ်ဝက်သာရှိကြောင်း၊ တည်ဆောက်ရေးကာလမှာလည်း သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ (CCGT) သည် ၂၄ လမှ ၂၈ လခန့်သာ ကြာမြင့်နိုင်သော်လည်း ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံသည် ၅၂ လ မှ ၅၈ လထိကြာမြင့်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်တွင်လည်း သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ၏ ကုန်ကျစရိတ်သည် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ၏ ၅၀ ရာခိုင်နှုန်း၊ လေစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ၏ ၁၅ ရာခိုင်နှုန်းခန့်သာ ကုန်ကျပါကြောင်း၊ Liquefied Natural Gas(LNG) သည် သဘာဝဓာတ်ငွေ့ကို အအေးခံ၍ အရည်ပြုလုပ်ထားပြီး Gaseous Phase တွင်သာ မီးလောင်ပေါက်ကွဲကြောင်း၊ သဘာဝဓာတ်ငွေ့ထွက်ရှိသော Gas Reserve နှင့်ဝေးလံသောဒေသများနှင့် ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရန် အခက်အခဲရှိသော ဒေသများအတွက် LGN သည်ပို၍ စီးပွားရေးတွက်ခြေကိုက်သော နည်းလမ်းဖြစ်ပါကြောင်းနှင့် ကမ္ဘာနှင့်အရှေ့တောင်အာရှတွင် LGN သုံးစွဲမှု (Demand) နှင့်ဖြန့်ဖြူးပေးနိုင်မှု (Supply) အလားအလာတို့ကို နှိုင်းယှဉ်တင်ပြသည်။

Shell ကုမ္ပဏီမှ Mr. Kenny Leong က LNG ဓာတ်ငွေ့အရည်ကို ပြန်လည်ဓာတ်ငွေ့ပြုလုပ်သည့် RE-gasification နည်းစဉ်များနှင့်ပတ်သက်၍ ကုန်းပေါ်တွင် Fix onshore terminal တည်ဆောက်ခြင်းနှင့်ပင်လယ်ရေပေါ်တွင် Floating Storage & Regasification Units တည်ဆောက်ခြင်းတို့နှင့်ပတ်သက်၍ နည်းပညာဆိုင်ရာအချက်အလက်များကို ပုံစံငယ်များဖြင့်ရှင်းလင်းတင်ပြသည်။ ဆက်လက်ပြီး ရန်ကုန်ရှိ ဓာတ်အားပေးစက်ရုံများသို့ LNG တင်ပို့နိုင်မည့်နည်းလမ်းများရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားသင့်သော အချက်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ စွမ်းအင်ဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ အပါအဝင် ဌာနဆိုင်ရာအရာရှိကြီးများ စုစုပေါင်း ၃၀ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အဆင့်မြင့်ပညာရေးလုပ်ငန်းအဖွဲ့နှင့် ယူနက်စကို အဆင့်မြင့်ပညာရေးပညာရှင် တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၁၅**

ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ၏ အဆင့်မြင့်ပညာရေးလုပ်ငန်းအဖွဲ့နှင့် ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် တက္ကသိုလ်စိန်ရတုခန်းမ၌ ယူနက်စကို အဆင့်မြင့်ပညာရေးဆိုင်ရာ ပညာရှင် Mr. Roger Chao တွေ့ဆုံ၍ တက္ကသိုလ်များစုဖွဲ့ရေးနှင့်ပတ်သက်သည့် နိုင်ငံတကာအတွေ့အကြုံများကို ဆွေးနွေးဖလှယ်သည်။

အဆင့်မြင့်ပညာရေးလုပ်ငန်းအဖွဲ့အနေဖြင့် ပြည်သူများ၏ အကြံပေးချက်များနှင့် ပေါင်းစပ်ရေးဆွဲထားသော မူဝါဒနှင့် လုပ်ငန်းစဉ်(မူကြမ်း)ကို ယူနက်စကိုအဆင့်မြင့်ပညာရေးပညာရှင်နှင့် ဆက်လက်ညှိနှိုင်း ဆွေးနွေးသွားမည်ဖြစ်သကဲ့သို့ ပြည်တွင်းပြည်ပအကြံပေးချက်များကို ပေါင်းစပ်ကာ မူဝါဒလုပ်ငန်းစဉ် (မူကြမ်း)ကို ရယူပြုစုရေးဆွဲလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**





အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် ရာအူးလ်ဂန္ဒီတို့အား တွေ့ရစဉ်။

## အာဏာရကွန်ဂရက်ပါတီမှ ရာအူးလ်ဂန္ဒီအား ဝန်ကြီးချုပ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းဖွယ်

**နယူးဒေလီ ဇန်နဝါရီ ၁၅**

အိန္ဒိယနိုင်ငံ၌ အာဏာရကွန်ဂရက် ပါတီသည် အသက် ၄၃ နှစ်အရွယ် ရာအူးလ်ဂန္ဒီအား ဝန်ကြီးချုပ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းမည်ဟု မျှော်လင့်ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၁၅ရက် တွင် သတင်းထုတ်ပြန်သည်။

အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းသည် ရာထူးသက်တမ်း နှစ်ဆက်တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် လာမည့်ရွေးကောက်ပွဲအပြီးတွင် အနားယူတော့မည်ဟု မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့ပြီးနောက် အာဏာရကွန်ဂရက်ပါတီက ရာအူးလ်အား ဝန်ကြီးချုပ်ရာထူးနေရာအတွက် ပါဝင်ယှဉ်ပြိုင်စေမည့် အနေအထားကို တွေ့မြင်ရကြောင်း နိုင်ငံရေး ဆန်းစစ်သူများက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ မေလတွင် အထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ပြီး အာဏာရပါတီက အာဏာကို ဆက်လက်ထိန်းချုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။ **ပီတီအိုင်။**

## တရုတ်တွင် ကလေးခိုးရောင်းသည့် ဆရာဝန်ကို ဆိုင်းငံ့သေဒဏ်ချမှတ်

**ပေကျင်း ဇန်နဝါရီ ၁၅**

တရုတ်နိုင်ငံတွင် မွေးကင်းစကလေးများကို ခိုးယူ၍ ကလေးကုန်ကူးသူများထံသို့ ရောင်းစားခဲ့သော မီးယပ်နှင့် သားဖွားဆရာဝန်တစ်ဦးကို ဆိုင်းငံ့သေဒဏ်ပေးလိုက်ကြောင်း အင်္ဂါနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ရှန်စီပြည်နယ်၊ ဖူပင်းမြို့တွင် ဆရာဝန် ကျန်စူးရှာသည် ကလေးခုနစ်ယောက်ကိုခိုး၍ ရောင်းစားသည့်ပြစ်မှု ကျူးလွန်ခဲ့သည့်အတွက် ပြစ်ဒဏ်စီရင်ခဲ့ကြောင်း တရားရုံးက ပြောကြားသည်။

သူသည် မိဘများကို ၎င်းတို့ကလေးများ၏ ကျန်းမာရေးမှာ စိုးရိမ်ဖွယ်ရာရှိနေသဖြင့် လက်လွှတ်ရမည့်အခြေအနေရောက်ကြောင်း နားလည်လက်ခံလာအောင် ပြောဆိုခဲ့သည်ဟု တရားရုံးကပြောကြားသည်။

ဒေါက်တာကျန်ကို နှစ်နှစ်ဆိုင်းငံ့ဖြင့် သေဒဏ်စီရင်ချက် ချခဲ့သည်။ တရုတ်နိုင်ငံတွင် ဆိုင်းငံ့သေဒဏ်များကို ထောင်ဒဏ်တစ်သက်သို့ လျော့ပေါ့ပေးလေ့ရှိသည်။

၂၀၁၁ခုနှစ် နိုဝင်ဘာလနှင့် ၂၀၁၃ခုနှစ် ဇူလိုင်လအတွင်း အမြွှာ နှစ်ယောက်အပါအဝင်ကလေးခုနစ်ယောက်ကို ဒေါက်တာကျန်က ရောင်းစားခဲ့သည်ဟု တရားသူကြီးတစ်ဦးက တရားရုံး၏ဝက်ဘ်ဆိုက်တွင် အင်္ဂါနေ့၌ဖော်ပြသည်။

မိန်းကလေးတစ်ဦး သေဆုံးသွားပြီး ကျန်ကလေးခြောက်ဦးကို ကယ်တင်နိုင်ခဲ့သည်ဟုဆိုသည်။

ဒေါက်တာကျန်သည် ရှန်စီပြည်နယ် ဖူပင်းမြို့ သားဖွားနှင့် ကလေးစောင့်ရှောက်ရေးဆေးရုံတွင် အမှုထမ်းနေခြင်းဖြစ်သည်။

ဇူလိုင်လတွင် ကလေးတစ်ယောက်ကို ခိုးယူမှုဖြစ်ပွားပြီးနောက် ဒေါက်တာကျန်နှင့် အခြားသံသယရှိသူများကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

မိဘများက ၎င်းတို့၏ကလေးများမှာ ကုန်ကူးခြင်းခံရသည်ဟု မသင်္ကာသဖြင့် ရဲတပ်ဖွဲ့သို့ တိုင်ကြားခဲ့ခြင်းဖြစ်သည်။

ဒေါက်တာကျန်နှင့်ဆက်နွယ်နေသည့် အမှု ၂၆မှုအပါအဝင် ဆက်စပ်အမှုပေါင်း ၅၀ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ အခြားသံသယရှိသူများကို ဖမ်းဆီးထားကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ ဆေးရုံမှ အခြားတာဝန်ရှိသူလေးဦးကိုလည်း တာဝန်ပျက်ကွက်မှုဖြင့် ရုံးတင်စစ်ဆေးလျက်ရှိရာ တရားရုံးစီရင်ချက်ကို စောင့်ဆိုင်းလျက်ရှိသည်ဟု ထပ်မံဖော်ပြသည်။ **ဘီဘီစီ။**

## အမေရိကန်တွင် ၁၂ နှစ်အရွယ်ကျောင်းသား ကျောင်းအတွင်း သေနတ်ပစ်ခတ် နှစ်ဦးဒဏ်ရာရရှိ

**ဂို့(စ်)ဝဲလ်(အမေရိကန်ပြည်ထောင်စု) ဇန်နဝါရီ ၁၅**

**အမေရိကန်ပြည်ထောင်စု နယူးမက္ကဆီကိုပြည်နယ်၊ ဂို့(စ်)ဝဲလ်မြို့ အလယ်တန်းကျောင်းတစ်ကျောင်းတွင် အင်္ဂါနေ့ နံနက်ပိုင်း၌ အသက် ၁၂နှစ်အရွယ် ကလေးတစ်ယောက်က သေနတ်ဖြင့်ပစ်ခတ်သဖြင့် ကျောင်းသားနှစ်ယောက် စိုးရိမ်ဖွယ်ရာ ဒဏ်ရာရရှိခဲ့ပြီးနောက် ဆရာတစ်ဦးက ၎င်းကလေးကို လက်နက်ချရန် ဖျောင်းဖျပြောဆိုနိုင်ခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။**

ဘာရင်ဒိုအလယ်တန်းကျောင်း၏ အားကစားရုံအတွင်း၌ နံနက် ၇နာရီခွဲခန့်တွင် ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ အကြီးအကဲပီတီကာဆီးတပ်ကပြောကြားသည်။ အမည်ဖော်ပြခြင်းမရှိသော ခုနစ်တန်းကျောင်းသားသည် ပြောင်းတိုသေနတ်တစ်လက်ဖြင့် ကျောင်းအတွင်းသို့ ခိုးကြောင်ခိုးဝှက်ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အသက် ၁၁နှစ်အရွယ် ကျောင်းသားတစ်ယောက်နှင့် ၁၃နှစ်အရွယ် ကျောင်းသူတစ်ယောက်တို့ ဒဏ်ရာရရှိသွားကြသည်ဟု အုပ်ချုပ်ရေးမှူး ဆူဆာနာမာတီနက်(ဇ်)က ပြောသည်။ အဆိုပါ သေနတ်သမားကလေးကို လက်နက်ချရန် ပြောဆိုနိုင်ပြီး တာဝန်ကျရဲအရာရှိကိုလည်း ကူညီပေးခဲ့သည့် ဆရာဂျွန်မစတာဆန်ကိုလည်း ၎င်းက ချီးကျူးခဲ့သည်။

၎င်းကလေးကို အနည်းငယ်မျှ မေးမြန်းပြီးနောက် အင်္ဂါနေ့ ညနေပိုင်းတွင် စိတ်ရောဂါကုဆေးရုံသို့ ခေါ်ဆောင်သွားသည်ဟု ဂျာနယ်တစ်စောင်က ရေးသားသည်။ သို့သော် ရဲအရာရှိကမူ ရဲတပ်ဖွဲ့က ထိန်းသိမ်းထားသည်ဟု ဆိုသည်။

ဒဏ်ရာရရှိသော ကျောင်းသားနှစ်ယောက်ကို တက္ကဆတ်ပြည်နယ် လက်အောက်ရှိဆေးရုံသို့ လေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း၊ ကျောင်းသားမှာ မျက်နှာနှင့် လည်ပင်း၌ ကျည်ဆန်ထိမှန်ခဲ့၍ အင်္ဂါနေ့ညနေပိုင်းတွင် ခွဲစိတ်ကုသမှုပြုလုပ်ခဲ့ပြီး အခြေအနေမှာ စိုးရိမ်ဖွယ်ရာဖြစ်ကြောင်း၊ ကျောင်းသူမှာ ညာဘက်ပခုံး၌ ကျည်ဆန်ထိမှန်ခဲ့၍ စိုးရိမ်ဖွယ်ရာဖြစ်ကြောင်း၊သို့သော် အင်္ဂါနေ့ညပိုင်းတွင် အခြေအနေမှာ ပုံမှန်ဖြစ်လာပြီဖြစ်ကြောင်း၊ ကျောင်းဝန်ထမ်းတစ်ဦးလည်း ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း အုပ်ချုပ်ရေးမှူးက ပြောကြားသည်။ **အေပီ။**



ကျောင်းတွင်းပစ်ခတ်မှုဖြစ်ပွားပြီးနောက် စိုးရိမ်ထိတ်လန့်နေကြသော ကျောင်းသားမိဘများကိုတွေ့ရစဉ်။

## ဘရူနိုင်းနိုင်ငံတွင် ရေလွှမ်းမိုးမှု သတိပေးချက်ထုတ်ပြန်

**ဘန်ဒါဆရီဘီဂါဝပ် ဇန်နဝါရီ ၁၅**

ဘရူနိုင်းနိုင်ငံရှိ ခရိုင်လေးခုတွင် ရေလွှမ်းမိုးမှုအန္တရာယ်ကျရောက်လျက်ရှိသဖြင့် ပြည်သူများ သတိရှိရန် သတိပေးချက်တစ်ရပ်ကို မိုးလေဝသဌာနက ဇန်နဝါရီ ၁၄ရက် နံနက်ပိုင်းတွင် ထုတ်ပြန်လိုက်ကြောင်း၊ လိမ္မော်ရောင်အဆင့် သတ်မှတ်ထားသဖြင့် ဆိုးရွားသည့် ရာသီဥတုသတိပေးချက်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

မိုးသည်းထန်မှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ပြီး ဘေးအန္တရာယ်များ ကျရောက်နိုင်ကြောင်း၊ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၅၀ ကျော်အထိ ရောက်ရှိနိုင်ကြောင်း၊ လေတိုက်ပြီးနောက် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းနိုင်ကြောင်း၊ အချို့ဒေသများတွင် မြစ်ကမ်းပါးများ ပြိုကျနိုင်ကြောင်း၊ ဇန်နဝါရီ ၁၄ရက် ညနေပိုင်းအထိ မိုးဆက်လက်ရွာသွန်းမည်ဆိုပါက အဝါရောင်အဆင့်သို့ ရောက်ရှိမည်ဟု သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

## ဩစတြေးလျတွင် အပူလှိုင်းဖြတ်

**ဆစ်ဒနီ ဇန်နဝါရီ ၁၅**

ဩစတြေးလျနိုင်ငံ ဒေသအချို့တွင် အပူလှိုင်းပြင်းထန်စွာကျရောက်လျက်ရှိရာ နိုင်ငံအနောက်ပိုင်းတွင် တောမီးလောင်မှုမှာတစ်ပတ်ပြန်လည်လျက်ရှိပြီး နယူးဆောဝေးလ်၊ နိုင်ငံတောင်ပိုင်းနှင့် ဗစ်တိုးရီးယားပြည်နယ်တို့တွင် ပူအိုက်လျက်ရှိ၍ ပိုမိုအန္တရာယ်များလာမည့် အခြေအနေကို ရင်ဆိုင်ရန် ပြင်ဆင်လျက်ရှိကြသည်ဟု အေဘီစီ သတင်းဌာနက ဖော်ပြသည်။

အဒီလိတ်မြို့သည် ယနေ့ စတုတ္ထမြောက်နေ့အဖြစ် ချစ်ချစ်တောက်အပူဒဏ်ခံစားနေရပြီး ယမန်နေ့အပူချိန်မှာ ၄၅ဒသမ ၁ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ အပူချိန်သည် အမြင့်ဆုံးသို့ ရောက်ရှိနေစဉ် တောမီးကလည်း တောင်ပိုင်းပြည်နယ်၌ သဲသဲမဲမဲလောင်လျက်ရှိသည်။

ကြာသပတေးနေ့တွင် ချက်မြို့၌ အပူချိန်မှာ ၄၆ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိမည်ဟု မျှော်လင့်ရသည်။

ဆစ်ဒနီမြို့၏ ယနေ့အပူချိန်မှာ အမြင့်ဆုံး ၃၀ဒီဂရီစင်တီဂရိတ်ကျော်မည်ဟု မျှော်လင့်ရသည်။ မဲလ်ဘုန်းမြို့တွင် သီတင်းတစ်ပတ်ကြာ အပူလှိုင်းဖြတ်မည်ဖြစ်ရာ ဒုတိယနေ့အဖြစ် ရောက်ရှိနေပြီဖြစ်သည်။အခြားမြို့များမှာလည်း အပူဒဏ်ကိုခံစားကြရသော်လည်း လွန်စွာပြင်းထန်မှုမရှိဟု ဆိုသည်။

မိုးလေဝသဗျူရိုက အပူလှိုင်းသည် သုံးရက် သို့မဟုတ် သုံးရက်ထက်ကြာမြင့်စွာ ဆက်လက်ဖြစ်ပေါ်မည်ဟု ပထမဆုံးအကြိမ် ကြေညာခဲ့သည်ဟု အေဘီစီက ဖော်ပြသည်။ **အေဘီစီ။**



အပူဒဏ်မှ သက်သာရာရရှိရေးအတွက် ပင်လယ်ကမ်းခြေ၌ အပန်းဖြေနားနေသူများကို တွေ့ရစဉ်။



## ရွေးကောက်ပွဲသည် နိုင်ငံရေးပြဿနာ ဖြေရှင်းနိုင်မည့် အကောင်းဆုံးနည်းလမ်းဖြစ်မည်ဟု ထိုင်းဝန်ကြီးချုပ်ပြော

**ဗန်ကောက် ဇန်နဝါရီ ၁၅**

ထိုင်းနိုင်ငံ၏ နိုင်ငံရေးပြဿနာကို ဖြေရှင်းနိုင်မည့် အကောင်းဆုံးသောနည်းလမ်းမှာ ရွေးကောက်ပွဲ ကျင်းပခြင်းသာလျှင်ဖြစ်ကြောင်း ဝန်ကြီးချုပ် ယင်လတ်ရှင်နာဝါထရာက ဇန်နဝါရီ ၁၅ရက်တွင် ပြောကြားလိုက်သည်။

အစိုးရဆန့်ကျင်ရေး ဆန္ဒပြသူများသည် မိမိအပေါ် ဒေါသထွက်နေမှုကို လမ်းများပေါ်တွင် မဖြေရှင်းဘဲ မဲရုံများတွင် ၎င်းတို့၏ဆန္ဒကိုထုတ်ဖော်ကာ ဖြေရှင်းသင့်ကြောင်း ယင်လတ်က ပြောကြားသည်။

ယင်လတ်၏အစ်ကို ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝါထရာသည် ပြည်ပြေးတစ်ဦးအဖြစ် ပြည်ပ၌နေထိုင်ကာ လက်ရှိအစိုးရအဖွဲ့ကို ထိန်းချုပ်လျက်ရှိသည်ဟု စွပ်စွဲမှုများ ပေါ်ထွက်ခဲ့သည်။

ထိုင်းနိုင်ငံ၌ ရွေးကောက်ပွဲကျင်းပမှုကို ဆိုင်းငံ့ထားရန် ရွေးကောက်ပွဲကော်မရှင်က အဆိုပြုခဲ့ပြီး ယင်း အဆိုပြုချက်နှင့်ပတ်သက်၍ ဆွေးနွေးရန် ယင်လတ်က အစည်းအဝေးတစ်ရပ်ကို ခေါ်ယူခဲ့သော်လည်း အတိုက်အခံများနှင့် လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက အစည်းအဝေးသို့ တက်ရောက်ခြင်း မရှိခဲ့ကြပေ။

**ရိုက်တာ။**

# တရားမဝင်ကျူးကျော်တဲများအား ဖယ်ရှားရှင်းလင်း

**ရန်ကုန်　ဇန်နဝါရီ　၁၅**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ပန်းလှိုင်တံတားအောက်ဝန်းကျင် ပန်းလှိုင်မြစ်ကမ်းဘေး လှိုင်သာယာ-တွံတေးကားလမ်းဘေးဝဲ၊ ယာများတွင် အခြားဒေသမှလာရောက်ပြီး လူအင်အားအစုအဖွဲ့များဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှစ၍ တရားမဝင်ကျူးကျော်တဲအဆောက်အအုံများ ဆောက်လုပ်လျက်ရှိရာ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၃ ရက်အထိ ပန်းလှိုင်တံတားအောက်ဝန်းကျင်၊ ပန်းလှိုင်မြစ်ကမ်းဘေးနှင့် ကားလမ်းဘေးဝဲ၊ ယာတို့တွင် ဆောက်လုပ်ပြီးတဲ ၈၂ လုံး၊ ဆောက်လုပ်ဆဲတဲ ၄၉၃ လုံး၊ တိုင်စိုက်ထူပြီးဆောက်လုပ်ဆဲတဲ ၁၄၉၀လုံး စုစုပေါင်း ၂၈၀၄ လုံးထိရှိခဲ့ပြီး အချို့မှာနေရာဦးထားကာ တစ်ဆင့်ထပ်မံရောင်းချမှုများ ပြုလုပ်နေကြောင်း သိရှိရသည်။

လူစုလူဝေးဖြင့် တရားမဝင်လာရောက်၍ ကျူးကျော်တဲဆောက်လုပ်နေမှုများကို သက်ဆိုင်ရာမြို့နယ်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အရန်မီးသတ်တပ်ဖွဲ့နှင့် ဒေသခံပြည်သူများက ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း ကိုးကြိမ်၊ ဇန်နဝါရီလအတွင်း တစ်ကြိမ်ဖယ်ရှားရှင်းလင်းပြီး ကျူးကျော်ဆောက်လုပ်မှုများကို ဖယ်ရှားရေး၊ ဆက်လက်ကျူးကျော်ခြင်း မပြုရေးတို့အတွက် အသိပေးတားမြစ်ခြင်းကို နေ့စဉ်အသံချဲ့စက်ဖြင့်ဆော်ဩခြင်း၊ နို့တစ်စာကပ်ခြင်း၊ လမ်းမကြီးများ နယ်မြေမကျူးကျော်ရဆိုင်းဘုတ်များ စိုက်ထူခြင်းများကို ဆောင်ရွက်ခဲ့သော်လည်း လိုက်နာမှုမရှိဘဲ ဆက်လက်ကျူးကျော်ဆောက်လုပ်ခဲ့ကြသည်။

ထိုကဲ့သို့ တွံတေးမြို့နယ်အတွင်းရှိ အစိုးရပိုင်မြေ၊ လမ်းနယ်၊ ခလောက်ချိုင်ကျေးရွာ၊ ပဒါန်ရေကျော်ကျေးရွာနှင့် တမာတကောကျေးရွာမြေများတွင် အခြားဒေသမှလာရောက်ကျူးကျော်ဆောက်လုပ်မှုများကို ဒေသခံများက ကျေနပ်မှုမရှိသဖြင့် ဒေသခံပြည်သူများလုံခြုံရေး၊ အေးချမ်းစွာနေထိုင်နိုင်ရေး၊ အသက်အိုးအိမ်စည်းစိမ်ကို စောင့်ရှောက်ရေးနှင့် ဥပဒေမဲ့ကျူးကျော်သူများဖယ်ရှားပေးရေးအတွက် တမာတကောကျေးရွာနေ ဦးကျော်စိုးက အင်အား ၁၀၀ ဖြင့် ဇန်နဝါရီ ၁ ရက် နံနက် ၇ မှ ၈ နာရီအထိ ပန်းလှိုင်တံတားအနီးတွင် ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာစုဝေးဆန္ဒ ဖော်ထုတ်ခဲ့သည်။

လူစုလူဝေးဖြင့် ကျူးကျော်တဲများဆောက်လုပ်မှုမှာ ရပ်တန့်မှုမရှိဘဲ ဆက်လက်ဆောင်ရွက်လာသဖြင့် ဒေသခံများနှင့် ပဋိပက္ခအသွင် ရန်ဆောင်မှုများ ဖြစ်ပေါ်လာခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ဒေသခံများအနေဖြင့် ညအချိန်ပြင်ပသို့သွားလာရာတွင် လုံခြုံမှုမရှိခြင်းစသည့် အခြေအနေများဖြစ်ပေါ်လာသည့်အတွက် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဥပဒေမဲ့ဆက်လက်ဆောင်ရွက်ခြင်းမျိုး ဆက်လက်မဖြစ်ပေါ်စေရေး ခရိုင်/မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံများပူးပေါင်းအဖွဲ့သည် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၄ ရက် နံနက်စောစောတွင် ကျူးကျော်တဲများအား စတင်ဖယ်ရှားရာ ကျူးကျော်တဲ ၂၃၇၈ လုံးဖျက်သိမ်းပြီးစီးခဲ့ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျန်ရှိသည့်ကျူးကျော်တဲ ၄၂၆ လုံးအား ဆက်လက်ရှင်းလင်းဖျက်သိမ်းလျက်ရှိသည်။

တရားမဝင်ကျူးကျော်တဲများအား ဖယ်ရှားရှင်းလင်းစဉ် တာဝန်ရှိအဖွဲ့အစည်းများနှင့် ဒေသခံများအား ခဲများ၊ လေးခွများနှင့်ပစ်ပေါက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျူးကျော်တဲနေထိုင်သူ ၁၆ ဦးအား လှိုင်သာယာမြို့နယ် ရဲစခန်းနှင့် အင်းစိန်မြို့မရဲစခန်းများသို့ ခေါ်ဆောင်ပြီး တည်ဆဲဥပဒေများနှင့်အညီ စစ်ဆေးအရေးယူလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အင်းတော်-ဗန်းမောက်ကားလမ်းအရှိန်အဟုန်မြှင့် တည်ဆောက်

**အင်းတော်　ဇန်နဝါရီ　၁၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်-ဗန်းမောက်ကားလမ်း မိုင်တိုင်အမှတ် (၃၇/၀)မှ(၇၆/၆)မိုင်အထိ လမ်းပိုင်းအား ဗန်းမောက်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လက်ထောက်အင်ဂျင်နီယာ ဦးထွန်းထွန်းဝင်းက တာဝန်ယူ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အဆိုပါလမ်းမှာ အကောက်အကွေ့များပြီး အန္တရာယ်ကွေ့အတက်ပါရှိကြောင်း သိရသည်။ နှစ်စဉ်လမ်းပိုင်းဆိုင်ရာများပြုပြင်ခဲ့ပြီး ၂၀၁၁-၂၀၁၂ မှ စတင်ကာ လမ်းပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုပိုင်းတွင်သာမန်နှင့် အဓိကဟူ၍ ခွဲခြားသတ်မှတ်ပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး အင်းတော်-ဗန်းမောက်ကားလမ်း မိုင်တိုင်အမှတ်(၃၇/၀)မှ (၇၆/၆)ကြားရှိ လမ်းပိုင်းများအား လမ်းသားဖွဲ့ခြင်း၊ အကွေ့အကောက်များအား အဖြောင့်ဆွဲတည်ဆောက်ခြင်း၊ အန္တရာယ်ကွေ့အတက်ကြီးအား အသစ်ဖောက်လုပ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ မိုင်တိုင်အမှတ် (၄၁/၇)မှ (၄၂/၁) အကြားရှိ တောင်ဖီလာကွေ့အတက်ကြီးအား **(အောက်ပုံ)**လမ်းကြောင်းဖြောင့်အသစ် ဖောက်လုပ်လျက်ရှိသည်။

ထိုသို့လမ်းကြောင်းဖြောင့်အသစ်တည်ဆောက်ရာတွင် ငါးနေရာရှိပါကြောင်း၊ ယခုလမ်းပိုင်းများအားကတ္တရာလမ်းဖြစ်သည်အထိ တိုးမြှင့်တည်ဆောက်သွားမည် ဖြစ်သောကြောင့် အချို့နေရာများတွင် ကျောက်ကြီးများခင်းနေပြီဖြစ်ကြောင်း လမ်းတာဝန်ခံတစ်ဦးက ပြောကြားခဲ့သည်။

၎င်းလမ်းပိုင်းပြုပြင်ပြီးစီးသွားပါက ဗန်းမောက်မြို့မှ အင်းတော်-ကသာ-မုံရွာ-မန္တလေးမြို့များသို့ ပြေးဆွဲလျက်ရှိသော ယာဉ်ကြီး၊ ယာဉ်ငယ်များ၊ အခြားသောခရီးသွားပြည်သူများနှင့် ဒေသခံများ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးများနှင့် ကုန်စည်စီးဆင်းမှုများ လျင်မြန်ချောမွေ့လာတော့မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ **ချစ်လင်း(အင်းတော်)**



# မူးယစ်ဆေးဝါးများအကြောင်း ပညာပေးဟောပြော

**သုံးခွ　ဇန်နဝါရီ　၁၅**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)အတွင်းရေးမှူး ဦးမြင့်ခိုင်နှင့် အသင်းဝင် ၂၃ ဦးတို့သည် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်အတွင်းရှိ အထက(၁)၊ အထက(၂)၊ အမက(၃)၊ အမက(၁၀)၊ အမက(၁၁) စာသင်ကျောင်းများတွင် ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီခန့်မှစ၍ ကျောင်းများသို့ သွားရောက်ပြီး ဟောပြောပွဲများ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးအကြောင်း အရာများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

# အာဆီယံဂုဏ်ပြုတေးသီချင်းပြိုင်ပွဲအတွက် ဖိတ်ခေါ်

**နေပြည်တော်　ဇန်နဝါရီ　၁၅**

မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်အတွင်း အာဆီယံဥက္ကဋ္ဌတာဝန်ဖြင့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရမည်ဖြစ်ရာ အဆိုပါ ထိပ်သီးအစည်းအဝေး၏ ဆက်စပ်အခမ်းအနားများတွင် ဖျော်ဖြေတင်ဆက်ရန် အာဆီယံဂုဏ်ပြုတေးသီချင်းရေးသား ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ထားသည်။ ထိုသို့ရေးသားရာတွင် အာဆီယံ၏ဦးတည်ချက် *(one vision, one identity, one community)*၊ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံတွင် လက်ခံကျင်းပမည့် အာဆီယံဆောင်ပုဒ် *(Moving Forward in Unity to a peaceful and Prosperous Community)* (ရှေ့သို့တူညီ တက်လှမ်းချီ၊ ငြိမ်းချမ်းဝေစည် အာဆီယံအသိုက်အဝန်းဆီ)နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်တို့ကို ဖော်ညွှန်းပေါ်လွင်စေရမည်။ မြန်မာနိုင်ငံမှ နွေးထွေးလှိုက်လှဲပျူငှာစွာ ကြိုဆိုပါမည့်အကြောင်း ဖော်ညွှန်းပေါ်လွင်စေရမည်။ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ နှစ်ဘာသာဖြင့် ရေးသားစပ်ဆိုရမည်။ တစ်ဦးချင်း အဆိုပိုဒ်၊ သံပြိုင်အဆိုပိုဒ် ခွဲခြားဖန်တီးနိုင်သော တေးသီချင်းပုံစံဖြစ်ရမည်။ တေးသီချင်းကြာမြင့်ချိန်သည် ၄ မိနစ်မှ ၆ မိနစ်အတွင်း ရှိစေရမည်။ စာသားနှင့် သံစဉ်သည် မိမိကိုယ်တိုင်ဖန်တီးရေးသားစပ်ဆိုထားခြင်းဖြစ်ရမည်။ ရွေးချယ်ခံရသည့်သီချင်းအတွက် ပညာရှင်ကြေး ကျပ်သိန်း ၂၀ ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ရွေးချယ်ခံရသည့် သီချင်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ယူစီမံဆောင်ရွက်သွားမည်ဖြစ်သည်။

သီချင်းပုံသဏ္ဍာန်ကို ပေါ်လွင်စေသည့် အခွေကြမ်း *Demo CD* နှင့် သီချင်းစာသားများကို ဖေဖော်ဝါရီ ၁၄ ရက်အရောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးကော်မတီ၊ ဧည့်ခံဖျော်ဖြေရေးဆပ်ကော်မတီ ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅) နေပြည်တော် ဖုန်း-၀၆၇ ၄၀၈၄၄၁၊ ၀၆၇ - ၄၀၈၄၂၁၊ ၀၉- ၅၁၇၂၃၈၅၊ ၀၉ - ၄၉၂၀၉၄၁၇ တို့သို့ လိပ်မူပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**










# မြန်မာ–အာဆီယံနှင့် အနာဂတ်စိန်ခေါ်မှုများ

## ခင်မြန်မာမျိုးနွယ်

မြန်မာနိုင်ငံသည် ၂၀၁၃ ခုနှစ်ဟောင်းကို (၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်ကြီးနှင့်အတူ အောင်မြင်စွာ နှုတ်ဆက်လိုက်ရင်း ၂၀၁၄ ခုနှစ်သစ်အား ဇန်နဝါရီ ၁ ရက်မှစ၍ အာဆီယံဥက္ကဋ္ဌရာထူးကို တာဝန်ထမ်းဆောင်ခြင်းဖြင့် ဂုဏ်ယူစွာစတင်ကြိုဆိုလိုက်ပြီဖြစ်ပါသည်။

ယခုအချိန်ခါတွင် မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌတာဝန်ကို စတင်ထမ်းရွက်နေပြီဖြစ်သဖြင့် အာဆီယံအသင်းကြီး၏ တာဝန်ဝတ္တရားများ အောင်မြင်တိုးတက်လာစေရန် ဦးဆောင်ကြိုးပမ်းရမည်ဖြစ်၍ တာဝန်ကြီးလှပေသည်။ အာဆီယံအစည်းအဝေးပေါင်းများစွာကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရတော့မည်။ ဒေသတွင်းမိတ်ဆွေနိုင်ငံများနှင့်အာဆီယံမိတ်ဖက်နိုင်ငံများသာမက ကမ္ဘာအရပ်ရပ်မှ နိုင်ငံတကာဧည့်သည်များ ပိုမိုစိတ်ဝင်စားစွာ ဝင်ရောက်လာကြတော့မည်ဖြစ်၍ အမိမြေ၏ တည်ငြိမ်အေးချမ်းသာယာလှပမှု၊ တိုင်းရင်းသားလူမျိုးစုသွေးချင်းအားလုံး၏ နိုင်ငံကြီးသားပီသမှုနှင့် ရိုးသားဖြူစင် ဖော်ရွေမှုတို့ကို မျက်ဝါးထင်ထင်တွေ့မြင်လာကြရချိန်တွင် အမှတ်ပြည့်ရအောင် ဝိုင်းဝန်းကြိုးပမ်းကြရပေမည်။ နိုင်ငံ့စီးပွားရေးအခွင့်အလမ်းများစွာလည်း ပွင့်လန်းလာတော့မည်ဖြစ်သဖြင့် မြန်မာပြည်သူအပေါင်းအနေဖြင့် မိမိနိုင်ငံမှ တာဝန်ယူထမ်းဆောင်နေသော လုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံ့သားကောင်းပီသစွာ အာဆီယံဗဟုသုတများနှင့် စီးပွားရေးအမြင်သစ်များ ရှိရန်လိုအပ်ပါသည်။ သို့မှသာ အခြေအနေအချိန်အခါနှင့် လိုက်လျောညီထွေဖြစ်ပေါ်တိုးတက်ပြောင်းလဲနေသည့်အခွင့်အရေးများနှင့် စိန်ခေါ်မှုများကို အရယူနိုင်ခြင်းနှင့်အတူ ပြေလည်အောင်မြင်စွာ ရင်ဆိုင်ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံ(ASEAN-Association of Southeast Asian Nations)ကို ၁၉၆၇ ခုနှစ် ဩဂုတ် ၈ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ထိုင်း၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ မလေးရှား၊ အင်ဒိုနီးရှားငါးနိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ၎င်းနောက်မှ ဘရူနိုင်းနိုင်ငံက ၁၉၈၄ ခုနှစ်တွင်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံက ၁၉၉၅ ခုနှစ် ဇူလိုင် ၂၀ ရက်တွင်လည်းကောင်း၊ မြန်မာနှင့်လာအိုနိုင်ငံတို့က ၁၉၉၇ ခုနှစ် ဇူလိုင်လတွင်လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံက ၁၉၉၉ ခုနှစ်တွင်လည်းကောင်း တင်းပြည့်အဖွဲ့ဝင်နိုင်ငံများအသီးသီးဖြစ်လာကြ၍ စုစုပေါင်းအာဆီယံ ၁၀ နိုင်ငံဖြစ်လာသည်။ အရှေ့တီမောလက်စ်တေနိုင်ငံကလည်း အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် လျှောက်ထားလာခဲ့သဖြင့် ယခုအခါ လေ့လာသူနိုင်ငံအဖြစ် ပါဝင်နေပါသည်။

အာဆီယံအကြီးအကဲများ၏ ထိပ်သီးအစည်းအဝေးပွဲကို ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီလတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ပထမဆုံးကျင်းပခဲ့သည်။ အာဆီယံငြိမ်းချမ်းရေးကြေညာစာတမ်း (Declaration of ASEAN Concord နှင့် ချစ်ကြည်ရေးနှင့် ငြိမ်းချမ်းရေးပူးပေါင်းဆောင်ရွက်ရေးစာချုပ် (Treaty of Amity Co-operation)တို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး အာဆီယံအဖွဲ့ကြီးသည် အရှေ့တောင်အာရှဒေသအတွင်း နယ်မြေအကျယ်အဝန်း စတုရန်းမိုင်ပေါင်း ၁၇၇၇၆၇၀ ပေါ်တွင် မှီတင်းနေထိုင်ကြသော အရောင်အသွေးစုံ ပြည်သူသန်းပေါင်း ၅၀၀ နီးပါးတို့၏ အကျိုးစီးပွားကို ကိုယ်စားပြုကာ မွန်မြတ်သော နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေး ရည်ရွယ်ချက်များသည် ဒေသတွင်းပြည်သူတို့၏ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် တည်ငြိမ်အေးချမ်းသာယာသော ဒေသကြီးဖြစ်ပေါ်လာရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။

ထိုဦးတည်ချက်များကို အကောင်အထည်ဖော်ရာတွင် ဒေသတွင်းအာဆီယံမိသားစုဝင်နိုင်ငံများ၏ စည်းလုံးညီညွတ်မှုကိုအခြေခံ၍ ကဏ္ဍအလိုက်လုပ်ငန်းစဉ်များကို ကော်မတီအသီးသီးက ပုံမှန်ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်လျက်ရှိရာ ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလတွင် စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သော အာဆီယံနိုင်ငံများမှ အကြီးအကဲများ၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များသည် အာဆီယံဒေသအတွင်း လွတ်လပ်သော ကုန်သွယ်မှုနယ်မြေ (ASEAN Free Trade Area -AFTA) ကို ဖော်ဆောင်နိုင်ရေးအတွက် အကောက်ခွန်ဆိုင်ရာ သဘောတူညီချက် (Common Effective Preferential Taiff Scheme-CEPT)ကို သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။ ၂၀၀၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ (ASEAN Concord II-ဘာလီကွန်ကော့) ကြေညာစာတမ်းတွင် ၂၀၂၀ ခုနှစ်နောက်ဆုံးထား၍ အာဆီယံအသိုက်အဝန်းတစ်ရပ်ကို စတင်ဖော်ဆောင်ရန် သဘောတူချမှတ်နိုင်ခဲ့ပြီး ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ စီးဘူးမြို့၌ ကျင်းပသော (၁၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင်လည်း ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းထူထောင်ရေးကိစ္စကို အရှိန်အဟုန်မြှင့်တင်သည့်အနေဖြင့် စီးဘူးကြေညာစာတမ်းကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ASTA အာဆီယံဒေသတွင်း လွတ်လပ်သောကုန်သွယ်မှုနယ်မြေ၏ အဓိကရည်မှန်းချက်မှာ ဒေသတွင်း၌နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို အားပေးမြှင့်တင်ရန်နှင့် အာဆီယံနိုင်ငံအချင်းချင်းတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ဆောင်ရွက်ရန်ဖြစ်သည်။ ၂၀၁၅ တွင် ရောက်ရှိလာတော့မည့် အာဆီယံအသိုက်အဝန်း (ASEAN Economic Community)နှင့် AFTA ပေါ်ထွက်လာပြီး ဘုံစီးပွားရေးနယ်မြေ(Common Business Zone) တည်ဆောက်ရန်အတွက် လိုအပ်သောပြင်ဆင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို အာဆီယံအဖွဲ့ကြီးကဆောင်ရွက်နေသလို မြန်မာနိုင်ငံအနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံအဖြစ်သာမက ဥက္ကဋ္ဌတာဝန်နှင့်ပါ တက်ကြွစွာပါဝင်ထမ်းရွက်နေပါသည်။ အာဆီယံ၏လုပ်ငန်းစဉ်များချောမွေ့အောင်မြင်စေရန်ဦးဆောင်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရပေတော့မည် ဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံများအချင်းချင်းကုန်သွယ်ရာ၌ အခွန်နှင့်ကုန်သွယ်မှုအတားအဆီးများကို အပြည့်အဝ ပယ်ဖျက်လျှော့ချပေးရတော့မည်။ ဘုံစီးပွားရေးနယ်မြေကြီးဖြစ်ပေါ်လာရေး၊ ဈေးကွက်အသစ်၊ အခြေအနေသစ်များစွာပေါ်ထွန်းလာမည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အဓိကလိုအပ်ချက်များကို ကြိုတင်ပြင်ဆင်ထားကြရမည် ဖြစ်သည်။ အခြေခံအဆောက်အအုံများစွာလိုအပ်သလို နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့် ပြည်ပလုပ်ငန်းရှင်များနှင့် ပခုံးချင်းယှဉ်ပြိုင်လုပ်ကိုင်နိုင်စွမ်းရှိသော လူ့စွမ်းအားအရင်းအမြစ်များ၏ အခန်းကဏ္ဍမှာ အဓိကလိုအပ်ချက်တစ်ခု ဖြစ်ပါသည်။ လျင်မြန်စွာတိုးတက်ပြောင်းလဲနေသော ခေတ်သစ်ကြီးတွင် ကိုယ်နဲ့မဆိုင်သလို နေလို့မရဘဲ အစိုးရမှာသာ တာဝန်ရှိသည်မဟုတ်၊ နိုင်ငံသားတိုင်းပါဝင်ကြိုးစားမှသာ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ တိုင်းပြည်တစ်ပြည် တိုးတက်အောင်မြင်ရေးသည် ထိုနိုင်ငံသားတိုင်းက တစ်ဦးတစ်ယောက်ချင်းစီမှစ၍ ‘ငါလိုသေးသည်၊ ငါလုပ်နိုင်သည်၊ ငါဖြစ်ရမည်’ ဟူသောစိတ်ဓာတ်ဖြင့် မိမိကိုယ်တိုင် အရင်ဖွံ့ဖြိုးတိုးတက်အောင်စတင်ဆောင်ရွက်ခြင်းဖြင့် ထိုကဲ့သို့သော လူသားများပေါင်းစုဖွဲ့စည်းလုပ်ကိုင်နေထိုင်သော လူ့အသိုင်းအဝိုင်းတစ်ခုသည် အဆင့်ဆင့်ပြောင်းလဲတိုးတက်လာမည်ဖြစ်ပါသည်။ “မြန်မာနိုင်ငံအာဆီယံဥက္ကဋ္ဌတာဝန်ယူထားသည့် ထိုကိစ္စသည်အစိုးရအလုပ်ဖြစ်သည်။ AFTA လာတော့မည်။ ဘာအခွန်မှပေးစရာမလိုတော့ပါ” ဟူလောက်သာ သိရှိခံယူလုပ်ကိုင်သွားမည်ဆိုပါက တိုင်းပြည်တိုးတက်မလာနိုင်ပေ။ ပြောင်းလဲလာမည့် အနာဂတ်ဈေးကွက်သစ်တွင် ပြည်သူအားလုံးပါဝင်လုပ်ကိုင်တိုးတက်လာစေရေးအတွက် လိုအပ်သော နိုင်ငံတကာဆက်ဆံရေး၊ အပြည်ပြည်ဆိုင်ရာစီးပွားရေးနှင့် လုပ်ထုံးလုပ်နည်းများ၊ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် အကျိုးအပြစ်များ၊ အနာဂတ်စီးပွားရေးစနစ်၏ စိန်ခေါ်မှုများအတွက် အသင့်ပြင်ဆင်မထားပါက ရှေ့ကြုံလာမည့်ခရီးစဉ်သစ်တွင် နောက်ကောက်ကျကျန်ခဲ့မည်သာဖြစ်သည်။ စီးပွားရေးစနစ်သစ်ဖြစ်စဉ်တွင် နိုင်ငံတကာနှင့် မိမိတိုင်းပြည်အကျိုးစီးပွားကို (Win-Win Situation)ဖြင့် နှစ်ဦးနှစ်ဖက်အကျိုးရှိအောင် လုပ်ဆောင်နိုင်ရပေမည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံသားများနှင့် ကုန်သည်စီးပွားရေးလုပ်ငန်းရှင်များ၊ စက်မှုလုပ်ငန်းရှင်များသည် ဤအခွင့်အရေးမှ အကျိုးအမြတ်များ ဖော်ထုတ်နိုင်ရေးနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ အကျိုးသက်ရောက်မှု၊ ဗဟုသုတအတွေ့အကြုံများကို ပညာပေးဆောင်ရွက်ရန် အထူးလိုအပ်လှပါသည်။ ထိုလိုအပ်ချက်များကို ဖြည့်ဆည်းအကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် အာဆီယံပူးပေါင်းဆောင်ရွက်ရေး၊ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ မြန်မာနိုင်ငံ၏ပူးပေါင်းဆောင်ရွက်မှုများကို သိရှိနိုင်စေရန်အတွက်သာမက AFTA နှင့် AEC တို့အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန်ရည်ရွယ်ကာ နိုင်ငံတော်သမ္မတကြီး၏လမ်းညွှန်မှုဖြင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် “အာဆီယံစီးပွားရေးပညာရပ်ကျွမ်းကျင်မှုလက်မှတ်ရသင်တန်း” (Certificate in ASEAN Economic Studies) ကို ရန်ကုန်စီးပွားရေးတက္ကသိုလ်၌ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၆ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားလျက်ရှိပေသည်။ အဆိုပါသင်တန်းတွင် ဘာသာရပ်ပေါင်း ၁၈ ခုကို သုံးလတာကာလအတွင်း Introduction to ASEAN,Theory of Economic Integration,Historical Development in ASEAN, Economic Integration,ASEAN,Economic Community,ASEAN Economies,Myanmar in ASEAN, ASEAN Trade in Goods,ASEAN Trade in Services,ASEAN Investment,Sub-Regional Agreements,ASEAN and Dialogue,Regional Economic Integration,Challenges & Benefits of the AEC စသော ဘာသာရပ်များကို ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် UMFCCI Expertise from ASEAN Secretarial တို့မှ တာဝန်ရှိသူများက လာရောက်သင်ကြားဟောပြောပို့ချပေးမည်ဖြစ်သည်။ စနေနေ့များတွင် Field Trip နှင့် Work-Shop & Seminars များပြုလုပ်ပေးပြီး သင်တန်းကာလ၏နောက်ပိုင်းတွင် Group Discussion ပြုလုပ်ကာ သင်တန်းသားများ၏အရည်အသွေးကို မြှင့်တင်လေ့ကျင့်ပေးမည်ဖြစ်သဖြင့် အာဆီယံစီးပွားရေးပညာရပ်ကျွမ်းကျင်မှုပိုင်းဆိုင်ရာများကို ပြည့်စုံစွာလေ့ကျင့်ဆည်းပူးနိုင်ကြမည်ဖြစ်၍ တန်ဖိုးရှိလှသော သင်တန်းတစ်ခုဖြစ်ပေရာ ကြိုဆိုလက်ခံရမည့်အစီအစဉ်တစ်ခုဖြစ်ပါသည်။

ဤသင်တန်းဆင်းမောင်မယ်များအနေဖြင့် အာဆီယံ၊ အာဆီယံလွတ်လပ်သောကုန်သွယ်မှုနယ်မြေ၊ အာဆီယံစီးပွားရေးအသိုက်အဝန်းတို့နှင့် ပတ်သက်သည့်လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကိုကောင်းစွာနားလည်နိုင်ခြင်း၊ ပါဝင်ဆောင်ရွက်ရာတွင် ရရှိမည့်အကျိုးကျေးဇူးများနှင့် စိန်ခေါ်မှုများကိုပြင်ဆင်နိုင်ခြင်း၊ မြန်မာနိုင်ငံ၏ပါဝင်ဆောင်ရွက်မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရမည့်အစီအစဉ်များကိုသိရှိပြီး ကြိုတင်ပြင်ဆင်နိုင်ခြင်း၊ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အကျိုးကျေးဇူးများကို အမှန်တကယ်ရရှိရန်နှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ကြိုတင်ပြင်ဆင်ရမည့်အချက်များကို သိရှိနိုင်စေရန်ကူညီနိုင်မည်ဖြစ်သည်။ CAES သင်တန်းကို ဖွင့်လှစ်ခြင်းဖြင့် မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌရာထူးကိုစတင်ထမ်းဆောင်ချိန်မှစ၍ ၂၀၁၅ ခုနှစ်တွင် ရောက်ရှိလာမည့်အာဆီယံစီးပွားရေးအသိုက်အဝန်းများနှင့် အာဆီယံလွတ်လပ်သော စီးပွားရေးနယ်မြေပေါ်ထွက်လာချိန်တွင် အထောက်အကူများစွာပြုနိုင်မည့်လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးခြင်းပင် ဖြစ်သည်။ သို့ဖြစ်ပါ၍ CAES သင်တန်းဆင်းများအနေဖြင့်လည်း နိုင်ငံတော်တည်ဆောက်ရေးတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်နေရာမှထမ်းရွက်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွားတိုးတက်အောင်မြင်လာရေးတို့အတွက် နိုင်ငံ့တာဝန်ကို ပခုံးပြောင်းထမ်းဆောင်မည့်မျိုးဆက်များအနေဖြင့် နှလုံးရည်လက်ရုံးရည်ပြည့်ဝသောနိုင်ငံကြီးသားပီသအောင်ကြိုးစားအားထုတ်နေမှသာလျှင် အမိနိုင်ငံတော်ကြီးသည် အာဆီယံသာမက ကမ္ဘာကပါလေးစားဂုဏ်ယူအားကျ၍ အသိအမှတ်ပြုခံရသော ထိပ်တန်းနိုင်ငံအဖြစ်သို့ မလွဲမသွေရောက်ရှိနိုင်မှာဖြစ်ပေသည်။

မတူညီကွဲပြားမှုများ၏ပေါင်းစည်းအားဖြင့် ခိုင်မြဲသောစုစည်းမှုကို အခြေခံကာ အာဆီယံထုံးနှလုံးမူ၍ကြိုးစားသွားကြမည်ဆိုလျှင် မဝေးတော့သောကာလတစ်ခုတွင် မြန်မာနိုင်ငံ၏ရွှေရောင်အနာဂတ်ကို ပြည်ထောင်စုတိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏သွေးစည်းညီညွတ်မှုဖြင့် ၂၁ ရာစု၏ပြောင်းလဲမှုအသစ်များကို ယှဉ်ပြိုင်အနိုင်ယူ၍ လှပစွာ ရုပ်လုံးဖော်နိုင်မည်သာဖြစ်ပါသောကြောင့် အမိမြေအတွက် ကလျာဏမိတ္တအားဖြင့် မလွဲမသွေကြုံတွေ့လာရတော့မည့် အနာဂတ်သစ်အတွက် အစစအရာရာကြိုတင်ပြင်ဆင်ကြိုးစားကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။




▲ **ပြည်ထောင်စုလွှတ်တော်မှ** အကောင်အထည်ဖော်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နယ်စပ်ဝင်ပေါက်/ထွက်ပေါက်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးဌာနမှူးရုံး၊ ဦးစီးရုံးချုပ်တို့နှင့် ဆက်သွယ်နိုင်သည့် ခေတ်မီစက်ကိရိယာများတပ်ဆင်၍ အချိန်နှင့်တစ်ပြေးညီ သတင်းပို့စနစ် တည်ဆောက်ပြီး နယ်စပ်ဒေသ ဝင်ထွက်သွားလာမှုများ ထိန်းချုပ်ရေး ကွန်ရက်စနစ် တည်ဆောက်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံအချင်းချင်း ဗီဇာကင်းလွတ်ခွင့်(Visa Free)ကိစ္စများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး၊ ပြည်နယ်အနှံ့ မွေးရာပါနိုင်ငံသားများ (တိုင်းရင်းသားများ)အား မြေပြင်ကွင်းဆင်းဆောင်ရွက်မည့် မိုးပွင့်စီမံချက်များအား တစ်နှစ်လျှင် (၃)ကြိမ်ခန့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လူဦးရေလုပ်ငန်းများအတွက် အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်း၍ လူဦးရေမူဝါဒရေးဆွဲရေး၊ ဥပဒေများပြုစုရေး၊ ရှေ့လုပ်ငန်းစဉ်များရေးဆွဲပြုစုရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန** ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အမျိုးသားစီမံကိန်းရေးဆွဲရာ၌ လက်ရှိအသုံးပြုနေသော ၁၉၆၈ ခုနှစ် အမျိုးသားစာရင်းအင်းစနစ်မှ ၂၀၀၈ခုနှစ် အမျိုးသားစာရင်းအင်းစနစ်သို့ ပြောင်းလဲရေးအတွက် သင်တန်းများပေးခြင်း၊ ကောက်ယူရရှိသည့် ကိန်းဂဏန်းများကို ကွန်ပျူတာပရိုဂရမ်များဖြင့် စမ်းသပ်စာရင်းရေးသွင်းခြင်း၊ နိုင်ငံပိုင်၊ ပုဂ္ဂလိကနှင့် အသင်းအဖွဲ့များအတွက် ကောက်ယူထားသည့်စာရင်းများကို ပေါင်းစပ်ညှိနှိုင်း၍ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို အပြီးသတ်ရေးဆွဲခြင်း၊ တိုးချဲ့ဖွဲ့စည်းထားသည့် ဖွဲ့စည်းပုံနှင့်အညီ လိုအပ်သည့် ရုံးခန်းများ၊ အိမ်ရာများဆောက်လုပ်ရန်နှင့် ရုံးအသုံးအဆောင်ပစ္စည်းများနှင့် မော်တော်ယာဉ်များပံ့ပိုးခြင်း၊ ဌာနဆိုင်ရာများနှင့်ဒေသန္တရဆိုင်ရာများမှ စာရင်းများရယူစုစည်းထုတ်ပြန်ခြင်း၊ စာရင်းအင်းများမှန်ကန်စေရေးအတွက် လိုအပ်မည့်စစ်တမ်းများ ကောက်ယူခြင်း၊ နိုင်ငံတကာစံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ/မရှိစိစစ်ခြင်း၊ စာရင်းအင်းဥပဒေအား ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ရေးဆွဲခြင်း၊ မော်ကွန်း ဥပဒေအသစ်ရေးဆွဲခြင်း၊ နိုင်ငံတော်၏မှတ်တမ်းများ ထိန်းသိမ်းခြင်း၊ လုပ်ငန်းစီမံကိန်းများအပေါ် သုံးလပတ်အလိုက် လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုအခြေအနေအား လုပ်ငန်းတည်ရှိရာနေရာများသို့ သွားရောက်ပြီး ကွင်းဆင်းစိစစ်ဆောင်ရွက်ခြင်းနှင့် တင်ပြခြင်း စသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

**အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန** ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများကို တိုးတက်ရှာဖွေဖော်ထုတ်ပေးခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အလုပ်အကိုင်အခွင့်အလမ်းပြပွဲများကျင်းပပြီး အလုပ်ရှင်နှင့် အလုပ်သမားများ တစ်နေရာတည်း၌ တွေ့ဆုံအလုပ်ဖြစ်နိုင်မည့်လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ အလုပ်အကိုင်ကျွမ်းကျင်မှု"စံ"များဖြင့် သင်ရိုးညွှန်းတမ်းရေးဆွဲသတ်မှတ်ခြင်း၊ စမ်းသပ်စစ်ဆေးရေးဌာနများ တည်ထောင်ပြီး လေ့ကျင့်ရေးနည်းပြများနှင့် စစ်ဆေးရေးမှူးများအား လေ့ကျင့်သင်တန်းပေးခြင်း၊ အခမဲ့ စေခိုင်းမှုပပျောက်ရေးလုပ်ငန်းများကို အိုင်အယ်လ်အိုနှင့် ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ အသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းခွင့်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့်ပတ်သက်၍ အသိပညာတိုးမြှင့်ရေး ဆွေးနွေးပွဲများကျင်းပပြီး တည်ဆဲအလုပ်သမားဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် အသစ်ရေးဆွဲခြင်း၊ စတုတ္ထအကြိမ်မြောက် လူ့စွမ်းအားအရင်းအမြစ်ညီလာခံ လက်ခံကျင်းပခြင်း၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ၊ လက်ခစားလုပ်ငန်းများ ဆက်လက်ရှင်သန်ရေးနှင့် ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် အလုပ်ရုံဆွေးနွေးပွဲများကျင်းပသွားခြင်း၊ ၂၀၁၄- ၂၀၁၅ဘဏ္ဍာနှစ်အတွင်း စက်ရုံ၊ အလုပ်ရုံများကို ဥပဒေနှင့်အညီ စစ်ဆေးကြီးကြပ်ခြင်း၊ အလုပ်ရှင်နှင့်အလုပ်သမားများအား အသိပညာပေးသင်တန်းများဆွေးနွေးပို့ချခြင်း၊ ဥပဒေပါ ရပိုင်ခွင့်များ ဆောင်ကြဉ်းပေးခြင်း စသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

**အားကစား ဝန်ကြီးဌာန** ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အသုံးပြုခဲ့သည့် အားကစားကွင်း၊ အားကစားရုံ၊ ရေကူးကန်များကို ပြုပြင်မွမ်းမံခြင်း၊ လူငယ်အားကစားသမားများ ရရှိရေးအတွက် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် (မန္တလေး) တို့ကို အဆင့်မြှင့်တင်မွမ်းမံခြင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)နှင့် (တောင်ကြီး)တို့ကို ဆက်လက်ဆောင်ရွက်ခြင်း၊ အားကစားတက္ကသိုလ်တစ်ခုဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန** ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် လူမှုအဖွဲ့အစည်း အကျိုးပြုလုပ်ငန်းများတွင် ပါဝင်အထောက်အကူပြုနိုင်ရန်အတွက် တစ်နိုင်ငံလုံး၌ ဟိုတယ်ဇုန် (၁၄)ဇုန်အား ဖွင့်လှစ်ထားရှိပြီး ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင်လည်း ဆက်လက်ဖွင့်လှစ်သွားမည် ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းအနေဖြင့် ဒေသခံလူမှုစီးပွားအပေါ် အကျိုးသက်ရောက်မှုနှင့် ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးရှိ ငွေဆောင်နှင့်ချောင်းသာကမ်းခြေတို့တွင် ပဏာမသုတေသနပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပုဂံဒေသရှိ ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ စံပြစီမံကိန်းအတွက်သင်တန်းများ ပေးခြင်း၊ ဈေးကွက်ရှာဖွေခြင်းနှင့် မြှင့်တင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ခရီးစဉ်ဒေသများ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်က သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အစီအစဉ်ဖြင့် အတတ်နိုင်ဆုံး မြှင့်တင်လုပ်ကိုင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ကြောင့် ယခုနှစ်တွင် ငပလီကမ်းခြေဒေသ၏လေဆိပ်တိုးချဲ့ခြင်း၊ ပင်မလမ်းမကြီးပြန်လည်ပြုပြင်ခြင်း၊ ရှောင်ကွင်းလမ်း ဖောက်လုပ်ခြင်း၊ ရေတမံ တည်ဆောက်ခြင်း၊ ဆက်သွယ်ရေးလိုင်း တိုးချဲ့ခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်းခွဲ တည်ဆောက်ခြင်း စသည့် လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါကြောင်း၊ အလားတူ အခြားခရီးစဉ်ဒေသများတွင်လည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဒေသအလိုက် ဟိုတယ်လုပ်ငန်း၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊ အမှတ်တရပစ္စည်းအရောင်းဆိုင်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဝန်ကြီးဌာန၊ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

**ပြည်ထောင်စု စာရင်းစစ်ချုပ်** ဦးသိန်းထိုက်က စာရင်းစစ်ဆေးရေးလုပ်ငန်းများ၊ လေ့ကျင့်ရေးနှင့် သုတေသနလုပ်ငန်းများကို ပိုမိုပီပီပြင်ပြင် ဆောင်ရွက်နိုင်ရေးအတွက် ညွှန်ကြားရေးမှူးချုပ်(၁)ဦးနှင့် လိုအပ်သည့် ဝန်ထမ်းများ တိုးချဲ့ဖွဲ့စည်းခြင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်စာရင်းစစ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများတွင် Database Centre များ တည်ဆောက်ခြင်း၊ လူ(၅၀)ဆံ့ Language Lab တည်ထောင်ခြင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် e-Government လုပ်ငန်းတိုးမြှင့်ဆောင်ရွက်ခြင်း စသည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

**ပြည်ထောင်စု ရာထူးဝန်အဖွဲ့** ဥက္ကဋ္ဌ ဦးကျော်သူက နိုင်ငံ့ဝန်ထမ်းများကို ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများသို့ သင်တန်းများ၊ ဆွေးနွေးပွဲများ စေလွှတ်တက်ရောက်စေခြင်း၊ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနှင့် ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများ၌ ကျင့်သုံးလျက်ရှိသော နိုင်ငံ့ဝန်ထမ်းဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းစဉ်များနှင့် မိမိနိုင်ငံ၏ ဝန်ထမ်းများနှင့်စပ်လျဉ်း၍ လေ့လာသုတေသနပြုခြင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ပုံနှိပ်ထုတ်ဝေသော နိုင်ငံ့ဝန်ထမ်းဥပဒေအိတ်ဆောင်စာအုပ်အား ဌာနဆိုင်ရာ ဝန်ထမ်းများသို့ အခမဲ့ပုံနှိပ်ဖြန့်ဝေခြင်း စသည့်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

**မြန်မာနိုင်ငံတော် ဗဟိုဘဏ်** ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက ဗဟိုဘဏ်သည် မကြာမီကာလတွင် သွယ်ဝိုက်ငွေကြေးမူဝါဒနည်းလမ်းများ အပြည့်အဝအသုံးပြု၍ ငွေကြေးပမာဏအား ထိန်းကျောင်းသွားမည်ဖြစ်သဖြင့် ဈေးကွက်တွင် ငွေချေးသက်သေခံလက်မှတ်များ ရောင်း/ဝယ်ခြင်း၊ Open Market Operation နည်းလမ်းကိုအသုံးပြု၍ ငွေကြေးပမာဏကို နုတ်သိမ်းခြင်း၊ ဖြည့်တင်းခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ နည်းပညာအကူအညီဖြင့် Treasury Securities Auction ဈေးကွက်အတွက် စည်းမျဉ်းများကို ရေးဆွဲလျက်ရှိပါကြောင်း၊ ယင်းဈေးကွက်ကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင် တည်ထောင်ရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍ ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍတွင် ၂၀၁၄ ခုနှစ်မှစ၍ နိုင်ငံခြားဘဏ်များ ဝင်ရောက်လုပ်ကိုင်နိုင်ရန် စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

**ပြည်ထဲရေး ဝန်ကြီးဌာန** ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက မှုခင်းတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့၊ စည်ပင်သာယာရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့များ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာထောက်လှမ်းရေးတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အမြန်လမ်းမကြီးရဲတပ်ဖွဲ့၊ ရေနံမြေ လုံခြုံရေးရဲတပ်ဖွဲ့နှင့် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ စသည့် တပ်ဖွဲ့များကို တိုးချဲ့ဖွဲ့စည်းခြင်းကို ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့မှူးရုံးများ၊ ရဲတပ်ရင်းစုကွပ်ကဲမှုရုံးများ၊ ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့မှူးရုံးများ၊ ရဲတပ်ရင်းစုကွပ်ကဲမှုရုံးများ၊ ရဲတပ်ရင်းများ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းခြင်းကိုပါ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ် နယ်မြေရဲစခန်း(၈)ခုနှင့် နေပြည်တော်နယ်မြေရဲစခန်း(၁)ခု ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အမှတ်(၃၅) ရဲတပ်ရင်း (မိတ္ထီလာ)နှင့် အမှတ်(၃၉) ရဲတပ်ရင်း (မောင်တော)တို့အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးများ၌ လုံခြုံရေးတပ်ခွဲ(၁)ခွဲစီဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တိုးမြှင့်ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြစ်မှုကျူးလွန်သည့် တရားခံများအား ဖော်ထုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သည့် ခေတ်မီပစ္စည်းကိရိယာများကို ဝယ်ယူဖြည့်တင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အကျဉ်းထောင်များနှင့် အသက်မွေးဝမ်းကျောင်းသင်စခန်းများ အသစ်ဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မီးသတ်ယာဉ် အသစ်များဝယ်ယူခြင်း၊ ယာဉ်နှင့် စက်ပစ္စည်းများပြင်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ အထောက်အကူပြုယာဉ်များ ဝယ်ယူဖြည့်တင်းခြင်းတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မူနှင့် အခြေခံသဘောကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့် ဝန်ကြီးဌာနအမည်ကို ဖော်ပြ၍ ဇန်နဝါရီ ၂၂ ရက် နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ကြရမည်ဖြစ်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို အစီအစဉ်(၆)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးစတုတ္ထနေ့ကို ဇန်နဝါရီ ၁၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ငြိမ်းချမ်းရေးအဖွဲ့အစည်းများအနေဖြင့် မိမိတို့နယ်မြေအတွင်းရှိ အိမ်ထောင်စုနှင့် လူဦးရေအရေအတွက် အကြမ်းဖျင်းပြုစုပေးရန် လိုအပ်

**နေပြည်တော် ဇန်နဝါရီ ၁၅**

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက် ၇ နာရီခွဲက ကရင်ပြည်နယ် ဘားအံမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကချင်ပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဝင်များ၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းများဖြစ်ကြသည့် KNU ကရင်အမျိုးသားအစည်းအရုံးနှင့် တပ်မဟာအသီးသီးမှ ကိုယ်စားလှယ်များ၊ BGF(KPF) အဖွဲ့၊ BGF တပ်နယ်ကွပ်ကဲရေးအဖွဲ့၊ KNU ငြိမ်းချမ်းရေးကောင်စီ၊ DRBA (ကလိုထူးဘော)အဖွဲ့၊ မွန်ပြည်နယ်သစ်ပါတီနှင့် ဖိုးတခေတ်အဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက ကရင်ပြည်နယ်အတွင်း ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုများနှင့် တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းများ၏ နယ်မြေများအတွင်း ကောက်ယူနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်ရေး အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မြန်မာနိုင်ငံအတွင်း ယခုနှစ်၌ ဆောင်ရွက်မည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို အားလုံးပူးပေါင်းပါဝင်ရေးဆိုသည့် ရည်မှန်းချက်ဖြင့် မြန်မာတစ်နိုင်ငံလုံး ကောက်ယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းစဉ်များ၏ ထိရောက်အောင်မြင်မှုများကြောင့် တိုင်းရင်းသားညီအစ်ကိုများနှင့် အတူ လက်တွဲကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ငြိမ်းချမ်းရေးအဖွဲ့အစည်းများအနေဖြင့် မိမိတို့နယ်မြေအတွင်းရှိ အိမ်ထောင်စုနှင့် လူဦးရေအရေအတွက်အကြမ်းဖျင်းတို့ကို ပြုစုပေးရန်လိုအပ်ပါကြောင်း၊ သို့မှသာ နယ်မြေအလိုက် ကောက်ကွက်များခွဲ၍ စာရင်းစစ်၊ စာရင်းကောက်များ ခန့်ထားခြင်း၊ သင်တန်းများ ဖွင့်လှစ်ပို့ချခြင်းတို့ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းဥပဒေကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်၍ သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များအပေါ် သန်းခေါင်စာရင်းဥပဒေက အကာအကွယ်ပေးထားပါကြောင်း၊ သန်းခေါင်စာရင်း၏အနှစ်သာရသည် သန်းခေါင်စာရင်း မေးခွန်းများအား မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြစ်၍ ပြည်သူအားလုံးက မှန်မှန်ကန်ကန် ဖြေကြားကြရန် အရေးကြီးပါကြောင်း၊ မထပ်မကျန် စာရင်းအမှန်ဖြစ်စေရေးအတွက် သန်းခေါင်စာရင်းမေးခွန်းများကို မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် အားလုံးပူးပေါင်းကူညီကြရန် တိုက်တွန်းပါကြောင်းဖြင့် အကျယ်တဝင့်ရှင်းလင်းဆွေးနွေးပြောကြားသည်။**(အပေါ်ပုံ)**



ဆက်လက်၍ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေကိုယ်စားလှယ် Ms.Jacknet E.Jackson က သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်အား နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ဖြစ်စေရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်မှုများနှင့် ငြိမ်းချမ်းရေးအဖွဲ့အစည်းများကအားတက်သရော ပူးပေါင်းပါဝင်မှုအပေါ် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ငြိမ်းချမ်းရေးအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များက သိရှိလိုသည်များနှင့် သန်းခေါင်စာရင်းကောက်ယူရေးအတွက် လိုအပ်ချက်များ၊ လက်တွဲပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို အသီးသီး မေးမြန်းရှင်းလင်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်သည် လူတိုင်းပါဝင်ခွင့်ရရှိသည့် တစ်ခုတည်းသော လုပ်ငန်းစဉ်ဖြစ်ပြီး နိုင်ငံ၏ လက်ရှိနှင့်အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်၍ အားလုံးလက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်သည်။

**(သတင်းစဉ်)**

---

# မီးဘေးအန္တရာယ်ကာကွယ်ရေး ပညာပေးဟောပြော

**နေပြည်တော် ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ထန်းကိုင်းရေနံမြေအနီး လက်ယက်တွင်းရေနံမှော်၌ ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၂ နာရီတွင် ရေနံလက်ယက်တွင်း တူးဖော်စဉ် ယင်းလက်ယက်တွင်းမှ သဘာဝဓာတ်ငွေ့များ ၁၀ ပေခန့်အထိ ပန်းထွက်လာကြောင်း၊ ဇန်နဝါရီ ၁၀ ရက် ညနေ ၄ နာရီခန့်တွင် ဓာတ်ငွေ့ပန်းထွက်မှုအရှိန် လျော့လာပြီး နှစ်ပေခန့်သာ ကျန်ရှိတော့သဖြင့် ဓာတ်ငွေ့ဟာလိုင်း ဆက်သွယ်ပြီး လေထုတွင်းသို့ ထုတ်လွှတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ရေနံလက်ယက်တွင်းများမှာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ထန်းကိုင်းရေနံမြေ၏ ရေနံတွင်းများ၊ အဆောက်အအုံများအနီးနားထိ ကျူးကျော်ဝင်ရောက်တူးဖော်နေသော တရားမဝင် လက်ယက်တွင်းများဖြစ်ကြောင်း၊ အဆိုပါဓာတ်ငွေ့ပန်းထွက်မှု ဖြစ်ပွားလျှင်ဖြစ်ပွားချင်း အခင်းဖြစ်ပွားရာနေရာသို့ ထန်းကိုင်းရေနံမြေ အထွေထွေမန်နေဂျာနှင့် ရေနံတူးဖော်ထုတ်လုပ်ရေးပညာရှင်များ၊ ရေနံမြေလုံခြုံရေးတာဝန်ခံများနှင့် မင်းလှမြို့နယ် ရဲတပ်ဖွဲ့မှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူးတို့ပူးပေါင်းကာ မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ခဲ့ကြပြီး ဒေသခံ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများအားလည်း ပညာပေးဟောပြောမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါဒေသသည် ဘူမိအနေအထားအရ ပြတ်ရွေ့အသေးစားများပေါများစွာတည်ရှိပြီး ထိုပြတ်ရွေ့များ တစ်လျှောက် တိုးထွက်လာသည့် ပေတိမ်ပိုင်းတွင် ခိုအောင်းနေသော ဓာတ်ငွေ့များဖြစ်၍ သက်တမ်းနှင့် ခိုအောင်းမှုပမာဏ နည်းပါးသည့်အတွက် စီးပွားဖြစ်ထုတ်ယူနိုင်ခြင်း မရှိကြောင်း၊ တွင်းတူးဖော်စဉ် သဘာဝဓာတ်ငွေ့ပန်းထွက်မှု ဖြစ်စဉ်များသည် ဘူမိအနေအထားသဘာဝအရ ပေတိမ်ပိုင်းတွင် ခိုအောင်းနေသော ပေတိမ်ဓာတ်ငွေ့များကြောင့်ဖြစ်ကြောင်း၊ ပေတိမ်ဓာတ်ငွေ့များမှာ နည်းစနစ်တကျ တူးဖော်ပါက အန္တရာယ်ကို ထိန်းသိမ်းနိုင်သော်လည်း တူးဖော်မှုနည်းစနစ်မကျသည့် လက်ယက်တွင်းများတွင် မီးဘေးအန္တရာယ်ရှိနိုင်ကြောင်း ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ရန်လိုအပ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


















# ကန်တော့ခံသက်ကြီးစာရေးဆရာကြီးအား ကန်တော့ငွေ အိမ်တိုင်ရာရောက်ပေးအပ်

**ဖျာပုံ ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ ကျင်းပခဲ့သည့် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲသို့ မကျန်းမာ၍ တက်ရောက်နိုင်ခြင်း မရှိသည့် မြို့နယ်စာရေးဆရာအသင်းအဖွဲ့ဝင် ဦးလှကြိုင်(ရဲဘော်လှမျိုး)အား မြန်မာနိုင်ငံ စာရေးဆရာအသင်းကိုယ်စား ကန်တော့ ငွေကျပ် ၂၁၀၀၀၀ နှင့် လက်ဆောင်ပစ္စည်းများကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီခွဲက ဖျာပုံမြို့မှ ယာယီပြောင်းရွှေ့နေထိုင်သည့် ဖျာပုံမြို့နယ် သပြေကန်ကျေးရွာအုပ်စု အခြံကျေးရွာသို့ ပွဲထောင်ရေယာဉ်ဖြင့် သွားရောက်ပေးအပ်ခဲ့သည်။

သက်ကြီးစာပေပညာရှင် ကန်တော့ငွေနှင့် လက်ဆောင်ပစ္စည်းများကို မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအောင်ဝင်း(သတင်းထောက်အောင်ဝင်း)နှင့် အမှုဆောင်ဦးမြင့်အောင် (ဖိုးအောင်လေး)တို့က ပေးအပ်ခဲ့ပြီး ဖျာပုံပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာအောင်ကျော်သူက ကျန်းမာရေးစစ်ဆေး၍ လိုအပ်သည့်ဆေးများ ထိုးပေးခြင်းနှင့် ဆေးဝါးများကို ဒါနပြုလှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# လားရှိုးမြို့၌ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာအသုံးပြုနိုင်ရေး ထရန်စဖော်မာများ အဆင့်မြှင့်တိုးချဲ့တပ်ဆင်

**လားရှိုး ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် လျှပ်စစ်ဓာတ်အားရရှိစေရေးအတွက် နမ္မတူမြို့နယ်ရှိ 230KV/ 66KV မန်စံကြီးဓာတ်အားခွဲရုံမှ 66 KV ဓာတ်အားဖြင့်လည်းကောင်း၊ နမ့်မျှော်ရေအားလျှပ်စစ်စက်ရုံမှ 33 KV ဓာတ်အားလိုင်းဖြင့်လည်းကောင်း ဓာတ်အားရယူပြီး လားရှိုးမြို့ နမ့်ခိုက်ကွက်သစ်ရှိ 66 KV/33KV (20 KVA+ 10 KVA) လားရှိုးပင်မခွဲရုံမှ ဓာတ်အားလက်ခံ၍ 33 KV ဓာတ်အားလိုင်းသုံးလိုင်းဖြင့် နမ့်ခိုက်ကွက်သစ်ရှိ 33 KV/ 11 KV(2500 KVA) ခွဲရုံနှင့် ရပ်ကွက်(၁)ရှိ 33 KV/11 KV(10000 KVA) ခွဲရုံအမှတ်(၁)၊ ရပ်ကွက်(၁၂)ရှိ 33 KV/11 KV(5000+2500 KVA) ခွဲရုံအမှတ်(၂)နှင့် ရပ်ကွက်(၅) နယ်မြေ(၂)ရှိ 33 KV/11 KV(5000 KVA) ခွဲရုံအမှတ်(၃)တို့မှ 11 KV ဓာတ်အားလိုင်း ၁၁ လိုင်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။

သို့ဖြစ်၍ ရပ်ကွက်နေပြည်သူများအား လျှပ်စစ်ဓာတ်အားပြည့်ဝစွာအသုံးပြုနိုင်စေရေးရည်ရွယ်ချက်ဖြင့် ဇန်နဝါရီ ၁၃ ရက် နံနက် ၇ နာရီမှစတင်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာရုံးမှ ရပ်ကွက်(၅) နယ်မြေ(၂)ရှိ ဓာတ်အားခွဲရုံအမှတ်(၃)ကို 5mVA ထရန်စဖော်မာမှ 10mVA ထရန်စဖော်မာအဖြစ်သို့လည်းကောင်း၊ ဓာတ်အားခွဲရုံ အမှတ်(၂)ရပ်ကွက်(၁၂) RTC ဝင်းဟောင်းတွင် ယခင် 2.5 mVA ထရန်စဖော်မာနေရာတွင် 5mVA ထရန်စဖော်မာအဖြစ်သို့လည်းကောင်း၊ ရပ်ကွက်(၁)နားမခေါ်ဓာတ်အားခွဲရုံ အမှတ်(၄)66KV ဓာတ်အားခွဲရုံဝင်းတွင်လည်း ယခင် 2.5mVA ထရန်စဖော်မာနေရာ၌လည်းထပ်မံ၍ 2.5mVA ထရန်စဖော်မာအသစ်တစ်လုံး တိုးချဲ့တပ်ဆင်ဆောင်ရွက်ပေးခဲ့ရာ ယင်းနေ့ ည ၇ နာရီအထိ လျှပ်စစ်ဓာတ်အားများ ပြတ်တောက်မည်ဖြစ်ကြောင်း ကြေညာထားသော်လည်း ညနေ ၅ နာရီတွင် လျှပ်စစ်ဓာတ်အားများကို ပုံမှန်ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့သဖြင့် ရပ်ကွက်နေပြည်သူများ ဝမ်းသာလျက်ရှိကြောင်း သိရသည်။

**ဟန်ငြေး(iprd)**

# ပုဇွန်တောင်မြို့နယ် ရပ်ကွက် ၁၀ ခု၌ ရွေ့လျားစာကြည့်တိုက် လုပ်ဆောင်မည်

**ရန်ကုန် ဇန်နဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်အတွင်းတွင် လာမည့် ဖေဖော်ဝါရီလမှစတင်၍ ရွေ့လျားစာကြည့်တိုက် (Mobile Library) အစီအစဉ်တစ်ခုကို ရပ်ကွက် ၁၀ ခု၌ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပုဇွန်တောင်မြို့နယ်ဦးစီးမှူးဒေါ်စန္ဒာမိုးက ပြောကြားသည်။

အဆိုပါအစီအစဉ်ကို စာကြည့်တိုက်မရှိသေးသည့် ရပ်ကွက်များတွင် ဦးစားပေးလုပ်ဆောင်သွားရန်ရှိပြီး ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

"ပြည်သူတွေအနေနဲ့ စားဝတ်နေရေးအတွက် လှုပ်ရှားနေရလို့ စာကြည့်တိုက်ဆီကို မလာနိုင်ဘဲဖြစ်နေတာကို စာကြည့်တိုက်ကနေ ပြည်သူတွေဆီကို အရောက်လာမယ့်အစီအစဉ်မျိုးဖြစ်ပါတယ်"ဟု ၎င်းက ရှင်းပြသည်။

ထိုအစီအစဉ်တွင် သုတ၊ ရသ စာပေမျိုးစုံကို ယူဆောင်သွားမည်ဖြစ်ပြီး တစ်ပတ်လျှင် တစ်ရပ်ကွက်နှုန်းဖြင့် စီစဉ်ထားကြောင်း၊ ရပ်ရွာလူထုအသိပညာတိုးကာ ဗဟုသုတများရရှိစေရန် လုပ်ဆောင်နေသော ယခုအစီအစဉ်တွင် အခမဲ့ဖတ်ရှုနိုင်ရန် စီစဉ်ခြင်းလည်းဖြစ်သည်။ လွန်ခဲ့သော ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်းကလည်း ပုဇွန်တောင်မြို့နယ်အတွင်းရှိ မူလတန်းကျောင်း ကိုးကျောင်း၊ အလယ်တန်းကျောင်း သုံးကျောင်း၊ အထက်တန်းကျောင်း လေးကျောင်းတို့တွင် ယခုကဲ့သို့သော ရွေ့လျားစာကြည့်တိုက်အစီအစဉ်မျိုး လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ထက်ခိုင်(စမ်းချောင်း)**



နေပြည်တော် သပြေကုန်းဈေးပတ်လမ်းတွင် ထွန်းညှိထားသည့် လောင်ကျွမ်းပျက်စီးနေသော ဆိုဒီယမ်မီးလုံးများ လဲလှယ်တပ်ဆင်မှုကို စက်ယန္တရားများအသုံးပြု၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားအင်ဂျင်နီယာဌာနမှ အငယ်တန်းအင်ဂျင်နီယာ ဦးကျော်စွာဝင်း ကြီးကြပ်၍ ဇန်နဝါရီ ၁၄ ရက် ညနေ ၅ နာရီက ဆောင်ရွက်စဉ်။ (ကိုကိုရှပ)



လားရှိုးမြို့၌ ထရန်စဖော်မာများ အဆင့်မြှင့် တိုးချဲ့တပ်ဆင်နေစဉ်။

## ပျောက်ဆုံး

ကျွန်တော် မောင်ကျော်နိုင်လတ်၏ ပတ်စ်ပို့နံပါတ်(M 441194)သည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၁၆၀၄၃၆၅























# ဩစတြေးလျအိုးပင်းတင်းနစ် တစ်ဦးချင်းပွဲစဉ်များ ဆက်လက်ကျင်းပ ဂျိုကိုဗစ်နှင့် ဝီလျံတတိယအဆင့်သို့ တက်လှမ်း

၂၀၁၄ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ တစ်ဦးချင်းပွဲစဉ်များအဖြစ် မဲလ်ဘုန်းမြို့ တင်းနစ်အားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ကမ္ဘာ့တင်းနစ်လောကတွင် အဆင့်(၁)နေရာ၌ ရပ်တည်လျက်ရှိသည့် လက်ရှိချန်ပီယံ ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်နှင့် အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံတို့သည် ပြိုင်ဘက်အသီးသီးအား နိုင်ပွဲများရရှိခဲ့ပြီးနောက် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ တတိယအဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်သည် တစ်ဦးချင်းပွဲစဉ်တွင် အာဂျင်တီးနား တင်းနစ်ကစားသမား လီယိုနာဒိုမေယာအား ၆-၀၊ ၆-၄၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ယင်းသို့ နိုင်ပွဲရရှိခဲ့ခြင်းသည် ဂျိုကိုဗစ်အတွက် လက်ရှိချိန်ပီယံဘွဲ့ကို ဆက်လက်ခံယူရန် အခွင့်အလမ်းကောင်းတစ်ရပ်ဟုလည်း ဆိုရမည်ဖြစ်သည်။

အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံသည် ဆားဘီးယားတင်းနစ်မယ် ဒိုလွန်အား ၆၃ မိနစ်ကြာ ကစားကာ ၆-၁၊ ၆-၂ ဖြင့် အနိုင်ရရှိခဲ့ပြီး ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ တတိယအဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

ပြီးခဲ့သည့်နှစ်က ကျင်းပခဲ့သည့် ၂၀၁၃ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် နောက်ဆုံးဗိုလ်လုပွဲ၌ ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေးအား ၆-၇(၂-၇)၊ ၇-၆(၇-၃)၊ ၆-၃၊ ၆-၂ ဖြင့် နိုင်ပွဲရရှိကာ ၂၀၁၃ ဩစတြေးလျ အိုးပင်းတင်းနစ်ဖလားချန်ပီယံဘွဲ့ကို ဆွတ်ခူးရရှိခဲ့ပြီး ယခုယှဉ်ပြိုင်ခဲ့သည့် တစ်ဦးချင်းပွဲစဉ်တွင် အာဂျင်တီးနား ကစားသမား မေယာအား ၁၀၇ မိနစ်ကြာ အကြိတ်အနယ် ကစားပြီးနောက် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

## အက်သလက်တီကိုမက်ဒရစ်အသင်း ကိုပါဒယ်ရေးဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်တက်လှမ်း



စပိန်လာလီဂါဖလားပြိုင်ပွဲတွင် ထိပ်ဆုံးမှ ရပ်တည်နေသော ဘာစီလိုနာအသင်းကို ခြိမ်းခြောက်မှုများ ပြုလုပ်ကာ ဖလားရရှိရေးမျှော်လင့်ချက်ရှိသော အက်သလက်တီကိုမက်ဒရစ်အသင်းသည် ဗလင်စီယာအသင်းအား အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရသည့် ကိုပါဒယ်ရေးဖလားပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်တွင် နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ပြီးနောက် ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အက်သလက်တီကိုမက်ဒရစ်အသင်းသည် လာလီဂါတွင် ဘာစီလိုနာကို ယှဉ်ပြိုင်နိုင်စွမ်းရှိသည့်အပြင် ချန်ပီယံလိဂ်တွင်လည်း ၁၆ သင်းအဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီး ကိုပါဒယ်ရေးဖလား ရရှိရေးမျှော်လင့်ချက်သည်လည်း ကွာတားဖိုင်နယ်အထိ တက်လှမ်းနိုင်ခဲ့၍ ယင်းဖလားအတွက် ရောင်နီသန်းလာပြီဟု ဆိုရမည်ဖြစ်သည်။

ငွေကြယ်

## စီးရီးအောရင်ခွန်သံ – ၂၀

စီးရီးအေပွဲစဉ်ရဲ့ ပွဲစဉ် ၂၀ ကို ဇန်နဝါရီ ၁၈၊ ၁၉၊ ၂၀ နေ့တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာ ဂျူဗင်တပ်ဟာ ဆမ့်ဒိုးရီးယားနဲ့ ရင်ဆိုင်ရမှာဖြစ်တာကြောင့် နိုင်ပွဲဆက်ဖို့ရှိပါတယ်။

**ရိုးမား - လီဗော်နို ည ၁၁း၃၀ (၁၈-၁-၁၄)**

ရိုးမားအနေနဲ့ ဒီလိုပွဲမျိုးမှာ အမှားခံမှာမဟုတ်ဘူး။ အိမ်ကွင်းဖြစ်တဲ့အပြင် လီဗော်နိုဟာ အမှတ်ပေးဇယား အောက်ဆုံးရောက်နေတဲ့ အသင်းဖြစ်ပါတယ်။ ဂျူဗင်တပ်ကို ဖိအားပေးဖို့ အမှတ်လိုနေတဲ့ ရိုးမားတို့ နိုင်ပွဲရဖို့သေချာပါတယ်။

**ဂျူဗင်တပ် - ဆမ်ဒိုးရီးယား နံနက် ၂း၁၅ (၁၉-၁-၁၄)**

ဆမ်ဒိုးရီးယားအနေနဲ့ ဂျူဗင်တပ်ဆီက အမှတ်လုယူဖို့ဆိုတာ ခက်ခဲပါတယ်။ ဂျူဗင်တပ်ဟာ လက်ရှိကွာဟမှုအမှတ်ကို ဆက်ထိန်းထားနိုင်ဖို့ အိမ်ကွင်းမှာ အာရုံစိုက်ကစားသွားမှာပါ။ ဂျူဗင်တပ် အနိမ့်ဆုံး နှစ်ဂိုး အသာရမယ်။

**အူဒီးနီးစ် - လာဇီယို ည ၆း၀၀ (၁၉-၁-၁၄)**

အူဒီးနီးစ်ဟာ အိမ်ကွင်းမှာ အားစိုက်လာမှာဖြစ်ပေမယ့် ခြေသာမန်သာရှိပါတယ်။ လာဇီယိုက အဝေးကွင်းအားပျော့မှုရှိနေပေမယ့် လက်ရှိခြေအရ အူဒီးနီးစ်ထက် ပိုမိုတည်ငြိမ်ပါတယ်။ လာဇီယိုတို့ သရေလောက် ကစားသွားနိုင်မှာပါ။

**အတ္တလန္တာ - ကယ်ဂလီယာရီ ည ၈း၃၀ (၁၉-၁-၁၄)**

ကယ်ဂလီယာရီဟာ ခံကစားအားကောင်းမွန်မှု ရှိပါတယ်။ အတ္တလန္တာက လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအားပျော့မှုတွေရှိနေတယ်။ ဒါကြောင့် အိမ်ကွင်းဖြစ်ပေမယ့် အတ္တလန္တာတို့ ရှုန်းကန်ရနိုင်ပြီး ကယ်ဂလီယာရီ သရေလောက် ကစားသွားနိုင်မှာပါ။

**ကာတာနီးယား - ဖီယိုရင်တီးနား ည ၈း၃၀ (၁၉-၁-၁၄)**

ဖီယိုရင်တီးနားအနေနဲ့ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ ဒီလိုပွဲမျိုးမှာအမှားခံမှာမဟုတ်ဘူး။ ကာတာနီးယားက အိမ်ကွင်းဖြစ်ပေမယ့် ခြေစွမ်းပိုင်းအားနည်းမှုတွေ ရှိနေပါတယ်။ ဖီယိုရင်တီးနားတို့ ကပ်ပြီးအနိုင်ရသွားဖို့ရှိတယ်။

**ဂျီနိုအာ - အင်တာ ည ၈း၃၀ (၁၉-၁-၁၄)**

ဂျီနိုအာရဲ့ အခုနောက်ပိုင်းကစားပုံမဆိုးဘူး။ အိမ်ကွင်းအားလည်းရှိတာကြောင့် အင်တာမီလန်ရှုန်းကန်ရဖို့ရှိတယ်။ အင်တာမီလန်အနေနဲ့ အနိုင်ရဖို့ အားစိုက်လာမှာဖြစ်ပေမယ့် နိုင်မယ်ဆိုရင်တောင် မပြတ်သားနိုင်ဘူး။

**ဘိုလော့ဂ်နာ - နာပိုလီ ည ၈း၃၀ (၁၉-၁-၁၄)**

ဘိုလော့ဂ်နာဟာ ခြေစွမ်းပိုင်းမငြိမ်ပါဘူး။ အိမ်ကွင်းဖြစ်ပေမယ့် နာပိုလီနဲ့ယှဉ်ရင် အတွေ့အကြုံရော စုဖွဲ့မှုပါ ကွာဟမှုရှိပါတယ်။ ဒီလိုပွဲမျိုးမှာ အမှားမခံမယ့် နာပိုလီတို့ အနိမ့်ဆုံး နှစ်ဂိုးအသာလောက်နဲ့ အနိုင်ရသွားမှာပါ။

**ချီယေဗို - ပါးမား ည ၈း၃၀ (၁၉-၁-၁၄)**

ပါးမားဟာ ခြေစွမ်းပိုင်းတည်ငြိမ်နေပေမယ့် အဝေးကွင်း အနည်းငယ်အားပျော့တယ်။ ချီယေဗိုက တန်းမဆင်းရဖို့ အိမ်ကွင်းအားနဲ့ ခံကစားလာမှာပါ။ ပါးမားတို့ မထင်မှတ်ဘဲ အခက်တွေ့နိုင်ပြီး သရေကျသွားဖို့များတယ်။

**ဆာစူအိုလို - တိုရီနို ည ၈း၃၀ (၁၉-၁-၁၄)**

ဆာစူအိုလိုဟာ တန်းဆင်းဇုန်အတွင်း ရောက်နေသလို ခြေစွမ်းလည်း ပျက်ယွင်းနေပါတယ်။ တိုရီနိုက အဝေးကွင်းဖြစ်ပေမယ့် လက်ရှိခံကစားအားမဆိုးဘူး။ ဆာစူအိုလိုတို့ ရှုန်းကန်ရနိုင်ပြီး တိုရီနိုနဲ့ပဲ ရပ်တည်ရမယ်။

**အေစီမီလန် - ဗီရိုနာ နံနက် ၂း၁၅ (၂၀-၁-၁၄)**

အေစီမီလန်ဟာ အိမ်ကွင်းမှာ အမှတ်ရဖို့ အားစိုက်လာမှာပါ။ ဗီရိုနာက အခုနောက်ပိုင်းခြေစွမ်းပိုင်း တည်ငြိမ်နေပါတယ်။ ဒါကြောင့် အေစီမီလန်အနိုင်ရဖို့ အားစိုက်လာမှာဖြစ်ပေမယ့် အခက်တွေ့နိုင်ပြီး ကပ်ပြီးသာနိုင်ဖို့ရှိတယ်။ (ရှိုင်းမင်းမင်း)


The Government of the Republic of the Union of Myanmar
ASEAN Summit and related Summits Committee
Sub-Committee on Logistics and Administration

INVITATION FOR BIDS
ON
SPONSORSHIP MANAGEMENT CONSULTANT

1. The Republic of the Union of Myanmar has assumed the Chairmanship of ASEAN in 2014 and will hold 24th ASEAN Summit and 25th ASEAN Summit and Related Summits in Nay Pyi Taw, Myanmar. It will be the first time that Myanmar takes ASEAN Chairmanship since it joined ASEAN in 1997.
2. Myanmar has drawn great attention from the international community due to its significant reforms, abundant natural resources and historic and scenic beauties. Hosting of ASEAN Summits and related Summits will be a golden opportunity for the local and foreign companies to promote business and to further expand investment in Myanmar and to the Southeast Asia region.
3. In View of the above opportunities, bids are invited by the Sub-Committee on Logistics and Administration for the selection of Sponsorship Management Consultant with the following terms and conditions-
(1) One bidder shall be selected as Sponsorship Management Consultant;
(2) Closed Envelope Bidding shall be made on the following categories;-
(a) Computers and IT Products Support;
(b) Internet services and Technical assistance;
(c) Conference Management;
(d) Food and Beverage;
(e) Billboards and Banners;
(f) Security equipments;
(g) Lighting facilities for Meeting Venue;
(h) Dresses for Liaison Officers, Security Officers and Drivers;
(i) Floral Services;
(j) Mobile Phone Hand sets and Sim Cards;
(k) Souvenirs;
(l) Meeting Document Kits and Collaterals;
(m) Financial services and
(n) Others
(3) Closed Envelope Bidding shall include the following:-
(a) Proposed Bidding and Quotations;
(b) Financial Background;and
(c) Company Profile.
(4) The selected Sponsorship Management Consultant shall work on commission basis and deposit of USD 100,000 at the designated bank account after signing the Agreement.
(5) No territorial limit of marketing sponsorship.
(6) Deposit shall be refunded within 7 banking days after the event.
4. Bids shall be only on the official Bidding Form and to be delivered into the Tender Box located at the Ministry of Foreign Affairs, Office No.9, Nay Pyi Taw no later than (16:00) hours on 24 January 2014.
5. Bids shall be opened at the Ministry of Foreign Affairs, Office No.9, Nay Pyi Taw at on 27- 31 January 2014.
6. Announcement on the successful bidder will be made on 1 February 2014:
7. Official Bidding Form shall be available at the Ministry of Foreign Affairs, Office No.9, Nay Pyi Taw during the office hour from (17-1-2014) to (24-1-2014)in payment of Kyat 10,000 (Kyat ten thousands).
8. Inquiry can be made at the following contact phone numbers: 067-412052; 067-412352; 067-412354

Secretary
Sub-Committee on Logistics
and Administration
ASEAN Summit and Related
Summits Committee

## ရန်ကုန်တိုင်းဒေသကြီး၌ ဒီဇင်ဘာလအတွင်း ယာဉ်တိုက်မှုများ၏ ဖြစ်စဉ်များအား အသိပေးထုတ်ပြန်

**ရန်ကုန် ဇန်နဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီးနှင့် စည်ပင်သာယာနယ်နိမိတ်အတွင်း ဒီဇင်ဘာလအတွင်းဖြစ်ပွားခဲ့သော ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှုများ၊ သေဆုံးသူဦးရေများနှင့် ဒဏ်ရာရရှိသူဦးရေများကို လမ်းအသုံးပြုသူ အများပြည်သူများ သိရှိစေရေးနှင့် စည်းကမ်းလိုက်နာကြစေရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်)မှ ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်များအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒီဇင်ဘာလ တစ်လတည်း ယာဉ်တိုက်မှု၊ သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုအခြေအနေများအရ ယာဉ်တိုက်မှု ၂၉၀၊ သေဆုံးသူဦးရေ ၅၂ ဦးနှင့် ဒဏ်ရာရရှိသူဦးရေ ၃၉၇ ဦးတို့ရှိကြောင်း သိရသည်။ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်း ဒီဇင်ဘာလ ယာဉ်မတော်တဆဖြစ်ပွားသည့် ပြစ်မှုပုဒ်မများအရ ပြစ်မှုပုဒ်မ ၂၇၉ နှင့် ၄၃ မှု၊ ပြစ်မှုပုဒ်မ ၃၃၇ နှင့် ၂၂ မှု၊ ပြစ်မှုပုဒ်မ ၃၃၈ နှင့် ၁၁၁ မှုနှင့် ပြစ်မှုပုဒ်မ ၃၀၄-က နှင့် အမှု ၃၀ တို့ဖြင့် စုစုပေါင်း ၂၀၆ မှုရှိပြီး သေဆုံးသူ ၃၅ ဦး၊ ဒဏ်ရာရသူ ၂၇၅ ဦး၊ ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၈၃၃၅၀၀၀၀ ရှိနေကြောင်း၊ ဒီဇင်ဘာလအတွင်း ယာဉ်တိုက်မှုဖြစ်ပွားချိန် နှိုင်းယှဉ်ချက်များအရ နေ့အချိန်ဖြစ်ပွားမှု ၈၁ မှု၊ ညအချိန်ဖြစ်ပွားမှု ၁၂၅ မှု ရှိကြောင်းလည်း သိရသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်း ဒီဇင်ဘာလယာဉ်တိုက်မှုဖြစ်ပွားသော ယာဉ်အမျိုးအစားများမှာ ကိုယ်ပိုင်ယာဉ် ၁၁၆ စီး၊ ခရီးသည်တင်ယာဉ် ၂၈ စီး၊ တက္ကစီယာဉ် ၂၅ စီး၊ မထသယာဉ် ရှစ်စီး၊ ဌာနဆိုင်ရာယာဉ် တစ်စီး၊ ကုန်တင်ယာဉ် ၂၈ စီးရှိကြောင်းသိရပြီး ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာ နယ်နိမိတ်အတွင်း ဒီဇင်ဘာလ ယာဉ်တိုက်မှုဖြစ်ပွားသော အကြောင်းအရင်းများမှာ မဆင်မခြင်မောင်းနှင်မှုကြောင့် ၁၀၆ မှု၊ လမ်းကူးသူပေါ့ဆမှုကြောင့် ၃၃ မှု၊ စက်ကိရိယာချွတ်ယွင်းမှုကြောင့် တစ်မှု၊ ယာဉ်မောင်းလိုင်စင်မရှိမှုကြောင့် ၂၅ မှု၊ အရှိန်ပြင်းမောင်းနှင်မှုကြောင့် ၂၅ မှု၊ အရက်သောက်မောင်းနှင်မှုကြောင့် ရှစ်မှု၊ အနှေးယာဉ်ကြောင့် သုံးမှု၊ ခရီးသည်ပေါ့ဆမှုကြောင့် ငါးမှုတို့ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်း ဒီဇင်ဘာလ ယာဉ်တိုက်မှုဖြစ်ပွားသော နည်းလမ်းများအရ ယာဉ်နှင့်ယာဉ်ချင်းတိုက်မှုကြောင့် ၇၉ မှု၊ ယာဉ်မှ လူတိုက်မှုကြောင့် ၆၆ မှု၊ ယာဉ်မှ ဆိုက်ကားတိုက်မှုကြောင့် ငါးမှု၊ ယာဉ်မှ စက်ဘီးတိုက်မှုကြောင့် ၁၄ မှု၊ ယာဉ်မှ အရာဝတ္ထုတိုက်မှုကြောင့် ၂၁ မှု၊ စက်ဘီးမှ လူတိုက်မှုကြောင့် နှစ်မှု၊ ယာဉ်တိမ်းမှောက်မှုကြောင့် ၁၉ မှုတို့ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်း ဒီဇင်ဘာလ တစ်လတည်း ဆိုင်ကယ်ပါဝင်သော မှုခင်းဖြစ်ပွားမှုအခြေအနေများအရ ဆိုင်ကယ်မှ လူတိုက်မှုခြောက်မှု၊ ဆိုင်ကယ်မှောက်မှု လေးမှု၊ ဆိုင်ကယ်နှင့် ယာဉ် ခုနစ်မှု၊ ဆိုင်ကယ်မှ စက်ဘီးတိုက် လေးမှု၊ ဆိုင်ကယ်ချင်းတိုက် လေးမှု၊ ဆိုင်ကယ်မှ အရာဝတ္ထုတိုက် တစ်မှု၊ ဆိုင်ကယ်ပေါ်မှ လူကျ နှစ်မှုတို့ဖြင့် စုစုပေါင်း ၂၈ မှုရှိကြောင်း၊ ဆိုင်ကယ်တိုက်မှုကြောင့် သေဆုံးသူဦးရေ သုံးဦးနှင့် ဒဏ်ရာရသူပေါင်း ၄၄ ဦးရှိကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

## မြန်မာ-အိန္ဒိယချစ်ကြည်ရေးကားလမ်းမပေါ် ယာဉ်တိမ်းမှောက်ရာမှ တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

**ကလေး ဇန်နဝါရီ ၁၅**

မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးကားလမ်းမကြီးပေါ်တွင် ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁၂ နာရီခွဲက ကားဘီးပေါက်ပြီး တိမ်းမှောက်ရာမှ တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိမှုဖြစ်ပွားခဲ့ကြောင်း ကလေးရဲစခန်းမှသိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ကလေး-တမူးကားလမ်းမပေါ် ၅၅ မိုင်ကျေးရွာအနီး မိုင်တိုင်အမှတ် (၃၈/၇)နေရာ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ဒုရဲအုပ်ဆန်းဦးနှင့်တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ပွားသည့်နေရာသို့ သွားရောက်စစ်ဆေးရာ မြောက်မှတောင်သို့ ကျင်ခန့်ဟောက် (၂၉)နှစ် မောင်းနှင်လာသည့် ၂C/.... (HILUX SURF) ခိုပြာရောင် ခရီးသည်တင်ယာဉ်မှာ ရှေ့ဘီး ပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ ကားလမ်း အရှေ့ဘက် ၁၅ ပေခန့်အကွာ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်သွားပြီး ယာဉ်ပေါ်တွင်စီးနင်းလိုက်ပါလာသည့် ဒေါ်နွမ်ခန့်ကျင် (၃၂)နှစ်သည် ဦးခေါင်းပေါက်ပြဲဒဏ်ရာများဖြင့် ယင်းနေရာတွင် သေဆုံးသွားပြီး မောင်နိန်လျန်ကျင်ထန် (၃၀)နှစ်သည် ဦးခေါင်းပေါက်ပြဲဒဏ်ရာများနှင့် နောက်ကျော၊ ခါးဒဏ်ရာများရရှိခဲ့ပြီး ယာဉ်မောင်းမှာ ဦးခေါင်းပေါက်ပြဲ ဒဏ်ရာများနှင့် ဘယ်ဘက်လက်မောင်းဖူးရောင်ဒဏ်ရာများရရှိခဲ့သည်။ အမှုကို ကလေးမြို့နယ် စခန်းကြီးရဲကင်းစခန်းမှ ဒု-ရဲအုပ်ဆန်းဦးက တရားလိုပြုလုပ်လျက် ယာဉ်မဆင်မခြင်မောင်းနှင်သူ ကျင်ခန့်ဟောက်အား ကလေးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ ဇန်နဝါရီ ၁၁ ရက်တွင် အဆိုပါ ယာဉ်တိုက်မှုအပြင် ည ၈ နာရီခွဲက ကလေး-ကလေးဝလမ်းပေါ်၌လည်း ဆိုင်ကယ်နှစ်စီးတိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**(လင်းလက်ကြယ်စင်)**

## ကော့ကရိတ်၌ ၁၂ ဘီးကားတိုက်၍ နှစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**ကော့ကရိတ် ဇန်နဝါရီ ၁၅**

ဘားအံမြို့မှမြဝတီသို့ထွက်ခွာလာသော ယာဉ်မောင်းလှမြင့်(အသက်၊ လိပ်စာ၊ စုံစမ်းဆဲ) မောင်းနှင်လာသော ၁၂ ဘီးယာဉ် ၉ခ/---- သည် ဇန်နဝါရီ ၁၂ရက် ညနေ ၅ နာရီခန့်က ကော့ကရိတ်မြို့လယ် အောင်မင်္ဂလာလမ်းအရောက်တွင် ပြည့်စုံလမ်းမှ ထွက်လာသော ဆိုင်ကယ်ကိုရှောင်ရာ ဆိုင်ကယ်နောက်မှ စီးလာသော ဒေါ်လုံးတင်အား နောက်ဘီးဖြင့် ချိတ်မိသဖြင့် ဝဲခြေကျိုး၊ ယာဒူးခေါင်းပေါက်ပြဲဒဏ်ရာရရှိခဲ့သည်။



ဆက်လက်၍ မျက်နှာချင်းဆိုင်မှ လာသော ငွေရ(၂၃)နှစ်နှင့် ဖိုးသာထူး(၃၂)နှစ်တို့ စီးနင်းလာသော ဆိုင်ကယ်ကို ဝဲဘက်ယာဉ်ကြောသို့ ဝင်ရောက်တိုက်မိသဖြင့် ၁၂ ဘီးယာဉ်ဘန်ဘာချိုင့်၊ ရှေ့မီးကွဲ **(ဝဲပုံ)**ပြီး ဆိုင်ကယ်နှင့် လူနှစ်ဦးမှာ ကားနောက်ဝဲဘက် ဘီးလေးဘီးကြားတွင် ကြိတ်မိ၊ ညပ်မိပြီးနေရာတွင် သေဆုံးခဲ့သည်။

ယာဉ်မောင်းလှမြင့်နှင့် ယာဉ်နောက်လိုက်တို့မှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

**(၁၀၉)**

## ကလေး-တမူးလမ်းတွင် ကားတစ်စီးတိမ်းမှောက်၍ အမျိုးသမီးတစ်ဦး သေဆုံး

**ကလေး ဇန်နဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေး-တမူးကားလမ်း ၅၅ မိုင်ရှိ ရေကျော်ကြီးကွေ့တွင် ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီက ယာဉ်တစ်စီးတိမ်းမှောက်ခဲ့ရာ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး ခရီးသည်သုံးဦးမှာ ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သေဆုံးသူအမျိုးသမီးမှာ ချင်းပြည်နယ် သိုင်းငင်းကျေးရွာမှဖြစ်ပြီး ၎င်းသည် ကျေးရွာ၏ ပရဟိတလူငယ်ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း၊ ဒဏ်ရာရသူလူနာသုံးဦးမှာ အမျိုးသားများဖြစ်ကြပြီး အရေးပေါ်လူနာအဖြစ် ကလေးမြို့ ပြည်သူ့ဆေးရုံတွင်တင်ထားရကြောင်း ကလေးမြို့ ဒေသခံတစ်ဦးထံမှ သိရသည်။

အဆိုပါ ယာဉ်တိုက်မှုမှာ Surf ယာဉ်အမျိုးအစားဖြစ်ပြီး ကားဘီးပေါက်ကာအရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသစ်ပင်အားတိုက်မိကာ တိမ်းမှောက်သွားခြင်းဖြစ်ကြောင်း၊ ယာဉ်တိုက်မှုဖြစ်သည့်နေရာသို့ ကလေးမြို့ ကာယကံမေတ္တာလူမှုကူညီရေးအသင်းမှအသင်းဝင်များ၊ စခန်းကြီးနာရေးအသင်းမှယာဉ်နှစ်စီးနှင့် လူနာတင်ယာဉ်များ ရောက်ရှိလာပြီး ဒဏ်ရာရရှိသူများအား ကလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ အချိန်မီပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား(iprd)**

## ကလေးမြို့တွင် ၂၀၁၄ ခုနှစ်၏ ပထမဦးဆုံး လိုင်စင်မဲ့ကားသုံးစီးဖမ်းမိ

**ကလေး ဇန်နဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ဇန်နဝါရီ ၁၀ ရက်က ၂၀၁၄ ခုနှစ်၏ ပထမဦးဆုံးအကြိမ်အဖြစ် လိုင်စင်မဲ့ကားသုံးစီးကို ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် နယ်မြေခံရဲတို့က ယာဉ်စစ်ဆေးရေးတာဝန်ထမ်းဆောင်နေစဉ် ဖမ်းဆီးရမိခဲ့ကြောင်း ကလေးရဲစခန်းမှ သိရှိရသည်။ "ဇန်နဝါရီ ၁၀ ရက်က ခရိုင်ရဲရုံးရှေ့မှာ ယာဉ်စည်းကမ်းစစ်ဆေးနေစဉ် လိုင်စင်မဲ့ကားသုံးစီးကို ဖမ်းမိထားပါတယ်။ အဲဒီလိုင်စင်မဲ့ကားသုံးစီးကို သွင်းကုန်/ပို့ကုန်ဥပဒေ ၈ နဲ့ အရေးယူထားပါတယ်။ နောက်ပိုင်းလည်း လိုင်စင်မဲ့ကားတွေ စစ်ဆေးလို့တွေ့ရင် ဖမ်းဆီးသွားမှာပါ။ လိုင်စင်မဲ့ကားတွေက မူးယစ်ဆေးသယ်ဆောင်ရာမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်မှုများထဲတွင် အဓိက ပါဝင်နေပါတယ်"ဟု ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။ ကလေးမြို့တွင် ၂၀၁၃ ခုနှစ် နှစ်ဆန်းပိုင်းကာလများက လိုင်စင်မဲ့ကားများကို စီးနင်းသူများပြားခဲ့သော်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က "အဆိုပါ လိုင်စင်မဲ့ကားများသည် မူးယစ်ဆေးဝါးများနှင့် ပါဝင်ပတ်သက်နိုင်ကြောင်း" ပြောကြားခဲ့သည့်အတွက် ၂၀၁၃ ခုနှစ် မေလတွင် ကလေးနှင့် တမူးရှိ လိုင်စင်မဲ့ကားများအား စီမံချက်တစ်ရပ်အနေဖြင့် ဖမ်းဆီးခဲ့ပြီး ၂၀၁၄ ခုနှစ် လိုင်စင်မဲ့ကားသုံးစီးအား ပထမဆုံးအကြိမ် ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ တာဝန်ရှိသူများက ဆိုသည်။

ဇန်နဝါရီ ၁၀ ရက်တွင် ဖမ်းဆီးရမိသော လိုင်စင်မဲ့ကားများသည် ကလေးခရိုင် ရဲတပ်ဖွဲ့မှူးရုံးရှေ့တွင် ယာဉ်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုရှိစေရန် ရပ်တန့်စစ်ဆေးရာမှ ယာဉ်နှင့်ပတ်သက်သော ခိုင်လုံသည့် သက်သေအထောက်အထား စာရွက်စာတမ်းများပြသနိုင်ခြင်း မရှိသဖြင့် လိုင်စင်မဲ့ကားမောင်းနှင်သူ သုံးဦးအား သွင်းကုန်/ပို့ကုန် ဥပဒေ ၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရပြီး မောင်းနှင်လာသည့် Mini Pajero၊ HILUX SRRF၊ HONDA ODYSSEY ကားသုံးစီးကိုသိမ်းဆည်းထားကြောင်း ကလေးရဲစခန်းမှ သိရသည်။ **(လင်းလက်ကြယ်စင်)**

## မုန်းချောင်းရေလွှတ်ချိန်ဖြတ်ကူးမိ၍ ရေနစ်သေဆုံး

**စေတုတ္တရာ ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင် ဇန်နဝါရီ ၁၁ ရက်က မုန်းချောင်းရေလွှတ်ချိန်ဖြတ်ကူးခြင်းကြောင့် ရေနစ်သေဆုံးမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စေတုတ္တရာမြို့နယ် လယ်ပြင်စုရပ်နေ မမြတ်စုပိုင် (၂၈)နှစ်၊ စိုင်းပြည့်စုံ (၁၀)နှစ်၊ ကျော်သန်းထိုက် (၁၂)နှစ်တို့ သုံးဦးသည် မုန်းချောင်းအနောက်ဘက်ကမ်းမှ အရှေ့ဘက်ကမ်းသို့ ဆီးသီးကောက်သွားရန် ချောင်းဖြတ်ကူးစဉ် ရေလယ်သို့အရောက် သုံးဦးစလုံးရေနောက်မျောပါသွားပြီး ကျော်သန်းထိုက်မှာ နေအိမ်သို့ပြန်ရောက်ခဲ့ပြီး မမြတ်စုပိုင်နှင့် စိုင်းပြည့်စုံတို့နှစ်ဦးမှာ မုန်းချောင်းအတိုင်းမျောပါသွားပြီး ဒေသခံများနှင့် တာဝန်ရှိသူတို့က မုန်းချောင်းတစ်လျှောက်လိုက်လံရှာဖွေကြရာ စိုင်းပြည့်စုံ၏အလောင်းကိုသာရှာဖွေတွေ့ရှိခဲ့ပြီး မမြတ်စုပိုင်ကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

**ပိုင်ဇေ(မကွေး)**








စာအုပ်စာပေလှူမိတ်ဆွေ

## (၄၄)နှစ်မြောက်မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညွန့်(ငြိမ်း)နှင့်ချစ်မေမေ ဒေါ်ရီရီညွန့်တို့၏ ၁၆-၁-၂၀၁၄ရက်တွင် ကျရောက်သော(၄၄)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သား၊ သမီး၊ မြေးများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်-

သားကြီး - ဒုတိယဗိုလ်မှူးကြီးအောင်အောင်ဟိန်း B.Sc (D.S.A)-မတင်မိုးဟန် B.Sc (Zool)Q
သားလတ် - ဒုတိယဗိုလ်မှူးကြီးမင်းထွဋ် B.Sc(D.S.A)-မချိုငြိမ်းချမ်းဝင်း B.Sc (Chem;)
သားငယ် - မောင်သန့်ဇင်ညွန့် B.E (Mechanical)YTU-မထိုက်ထိုက်မြင့် B.Sc (Chem)
သားထွေး - ဗိုလ်ကြီးကိုကိုနိုင် B.E (Electronics)DSTA,M.E (Electronics YTU,M.B.A-မဖြူနှင်းနေခြည် B.Arch
ချစ်မြေးများ- ဗိုလ်လောင်းရဲရင့်ဟိန်း(2nd MB, D.S.M.A)၊ ချစ်ဆု၊ နီလာ၊ ပြည့်ပြည့်၊ မျှးမျှး၊ မင်းငြိမ်းချမ်း၊ သူရိန်

# နိုင်ငံတော်သြဝါဒါစရိယ စုဒ္ဒသမရွှေကျင်သာသနာပိုင် ဆရာတော်ကြီးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သွားရောက်ဖူးမြော်

**နေပြည်တော် ဇန်နဝါရီ ၁၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညိုစောတို့လိုက်ပါ၍ ယနေ့နေ့လယ်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ရောက်ရှိပြီး နိုင်ငံတော်သြဝါဒါစရိယ စုဒ္ဒသမ ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီ ဝါဆိုကျောင်းဆရာတော်ကြီး အဘိဇဗမဟာရဋ္ဌဂုရု အဘိဇဗအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယအား ဖူးမြော်ကြည်ညိုသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ☆

# (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများ စတင်ယှဉ်ပြိုင်

**နေပြည်တော် ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ်ကျင်းပသည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းပြိုင်ပွဲကို နေပြည်တော်ရှိ အားကစားကွင်း/အားကစားရုံအသီးသီး၌ ယနေ့စတင်ကျင်းပရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရေကူးပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများကို ကြည့်ရှုအားပေးကာ မသန်စွမ်းပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်အားကစားသမားများအား အလှူငွေပေးအပ်ပွဲသို့ တက်ရောက်သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❑



အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။



ဘိုစီယာအားကစားသမားတစ်ဦး ယှဉ်ပြိုင်နေစဉ်။

# (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ကြည့်ရှုအားပေးနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၅**

နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း၌ ယမန်နေ့ညနေပိုင်းက ခမ်းနားသိုက်မြိုက်စွာကျင်းပခဲ့သော (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအပြီး ယနေ့နံနက်ပိုင်းမှစ၍ ပြေးခုန်ပစ်၊ ဘိုစီယာ၊ မျက်မမြင်စစ်တုရင်၊ ခုနစ်ယောက်တစ်ဖက်ဘောလုံး၊ ဂိုးလ်ဘော၊ ရေကူး၊ ထိုင်လျက်ဘော်လီဘော၊ ဘီးတပ်ဘတ်စကက်ဘောနှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲများကို စတင်ကျင်းပခဲ့ရာ လူသားချင်းအတူတူ ဘဝကံကြောင်းအမျိုးမျိုးကြောင့် ကိုယ်အင်္ဂါမသန်စွမ်းကြသူ အာဆီယံနိုင်ငံအသီးသီးမှ အားကစားသမားများမှာ သာမန်လူသားတိုင်းပင် မထားရှိနိုင်သည့် ကြံ့ခိုင်သည့်စိတ်ဓာတ်၊ ယှဉ်ပြိုင်လိုသည့် ဇွဲသတ္တိ၊ လောကဓံကိုကြံ့ကြံ့ခံကာ ကြိုးစားအားထုတ်နိုင်သည့် စွမ်းအားတို့ဖြင့် မိမိနိုင်ငံ၏အလံကို အောင်ပွဲခံအလံတိုင်ထိပ်တွင် တဖျပ်ဖျပ်လွှင့်ထူနိုင်ရေး အကြိတ်အနယ်ယှဉ်ပြိုင်နေကြသည်မှာ ကြည့်ရှုအားပေးသူများအတွက် လူသားချင်းကရုဏာနှင့်စာနာစိတ်၊ အတုယူကြိုးစားလိုစိတ်များ တဖွားဖွားပေါ်ပေါက်လာစေမည်ဖြစ်သည်။

အိမ်ရှင်အဖြစ် ကျင်းပခွင့်ရခဲ့သည့် မြန်မာနိုင်ငံအနေဖြင့်လည်း အဆိုပါပြိုင်ပွဲကို (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲထက် အဆင့်မနိမ့်ကျစေရန်

**စာမျက်နှာ ၈ ကော်လံ ၂ သို့** ○

**တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာ ဘာသာသင်ခန်းစာပါရှိသည်။

## (၇)ကြိမ်မြောက် မသန်စွမ်းအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ

| နိုင်ငံ | ရွှေ | ငွေ | ကြေး |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၁ | ၁၀ | ၈ |
| ဗီယက်နမ် | ၁၀ | ၁၁ | ၁၃ |
| ထိုင်း | ၈ | ၁၃ | ၁၀ |
| မြန်မာ | ၈ | ၄ | ၆ |
| မလေးရှား | ၅ | ၂ | ၂ |
| စင်ကာပူ | ၂ | ၁ | ၀ |
| ဖိလစ်ပိုင် | ၁ | ၃ | ၄ |
| ဘရူနိုင်း | ၀ | ၁ | ၁ |
| ကမ္ဘောဒီးယား | ၀ | ၀ | ၀ |
| လာအို | ၀ | ၀ | ၀ |

# သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းသုံး မောင်းသူမဲ့လေယာဉ်နည်းပညာ သုတေသနပြု

**ကိုပင်ဟေဂင် ဇန်နဝါရီ ၁၅**

ဒိန်းမတ်နိုင်ငံအခြေစိုက် နည်းပညာကုမ္ပဏီသည် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများ၌ မောင်းသူမဲ့လေယာဉ်များနှင့် ရဟတ်ယာဉ်များကို သုတေသနပြုထုတ်လုပ်လျက်ရှိသည်။

သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများ၌ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်နေချိန်တွင် ကယ်ဆယ်ရေးအဖွဲ့အစည်းများအတွက် လိုအပ်သော သတင်းအချက်အလက်များထောက်ပံ့ပေးနိုင်ရန် မောင်းသူမဲ့လေယာဉ်များ (သို့မဟုတ်) မောင်းသူမဲ့ရဟတ်ယာဉ်များကို အသုံးပြုလာနိုင်မည်ဖြစ်ကြောင်း ဒိန်းမတ်နိုင်ငံရှိ ဒါနီဖစ်အိုင်တီကုမ္ပဏီမှ သုတေသီ လီယမ်ဒေါ်ဆင်က ပြောကြားသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖









# မသန်စွမ်းရေကူးပြိုင်ပွဲ မြန်မာမှ ငွေတံဆိပ်ရရှိ



**နေပြည်တော် ဇန်နဝါရီ ၁၅**

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနေပြီဖြစ်သည်။ မသန်စွမ်းရေကူးအားကစားပြိုင်ပွဲကို ယနေ့နံနက်တွင်စတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်းရှိရေကူးကန်၌ မြန်မာအပါအဝင် အာဆီယံနိုင်ငံများမှ နံနက်ပိုင်းပွဲစဉ်များကစားရာတွင် မြန်မာနိုင်ငံမှ ရင်ပေါင်တန်းကူး အမျိုးသားမီတာ (၅၀)တွင် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား လေးနိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မလေးရှားနိုင်ငံမှ ပထမ ရွှေတံဆိပ်၊ မြန်မာနိုင်ငံမှ ဒုတိယ ငွေတံဆိပ်**(ယာပုံ)**နှင့် ထိုင်းနိုင်ငံမှ တတိယကြေးတံဆိပ်တို့ အသီးသီးရရှိကာ ယင်းပွဲစဉ်၏ဆုပေးပွဲကို နံနက်ပိုင်းပွဲစဉ် ခေတ္တရပ်နားချိန်တွင် ဆုပေးပွဲများ ဆက်လက်ကျင်းပခဲ့သည်။ ဆုပေးပွဲတွင် မသန်စွမ်းရေကူးပြိုင်ပွဲ ရင်ပေါင်တန်းကူး အမျိုးသား မီတာ (၅၀)မှ ဆုရရှိသည့် အားကစားသမားသုံးဦးအား မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်းက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်(ဇမ္ဗူသီရိ)**



# အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ထိုင်လျက်ဘော်လီဘောပြိုင်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၅**

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် မသန်စွမ်းအားကစားသမားများ၏ ထိုင်လျက်ဘော်လီဘောအားကစားနည်းပြိုင်ပွဲများကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ယနေ့နံနက်ပိုင်းက စတင်ကျင်းပရာ အဖွင့်ပွဲစဉ်အဖြစ် မြန်မာအမျိုးသားအသင်းနှင့် ထိုင်းအမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက ထိုင်းအသင်းကို ငါးပွဲကစားရာ သုံးပွဲ နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ အမျိုးသမီး အုပ်စုပွဲစဉ်တွင် အင်ဒိုနီးရှားအသင်းက မြန်မာအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

အဆိုပါ ထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် အိမ်ရှင်မြန်မာနိုင်ငံအပါအဝင် အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ထိုင်းအသင်းတို့ ပါဝင်ကစားကြမည်ဖြစ်သည်။

အမျိုးသားအုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ဇန်နဝါရီ ၁၆ ရက်တွင် ကမ္ဘောဒီးယားနှင့် မလေးရှား၊ မြန်မာနှင့် ထိုင်းအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ထိုင်လျက်ဘော်လီဘော ကစားနည်းကို ၁၉၈၀ ခုနှစ် အာရှမသန်စွမ်းအားကစားပြိုင်ပွဲတွင် စတင်ကစားခဲ့သည်။ မြန်မာနိုင်ငံတွင် ထိုင်လျက်ဘော်လီဘောကစားနည်းကို ၂၀၀၀ ခုနှစ် နှောင်းပိုင်းမှ စတင်ကစားခဲ့သည်။ ၂၀၀၉ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပသော အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**သတင်း - ဖြိုးစန္ဒာမြင့် ›› ›› ဓာတ်ပုံ - သန်းနိုင် (ဇမ္ဗူသီရိ)**

# မသန်စွမ်း မျက်မမြင်ဂိုးလ်ဘော အားကစားနည်း

**နေပြည်တော်　ဇန်နဝါရီ　၁၅**

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၏ ပထမနေ့ အဖွင့်ပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီတွင် စတင်ကျင်းပရာ သုံးယောက်တစ်ဖက် ဂိုးလ်ဘောပွဲစဉ်များ၏ ပထမအကျော့ပွဲစဉ်အဖြစ် လာအိုအမျိုးသမီး အသင်းနှင့် အိမ်ရှင်မြန်မာ အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ လာအိုအမျိုးသမီးအသင်းက မြန်မာအမျိုးသမီးအသင်းကို ၁၃ ဂိုး- သုံးဂိုးဖြင့်လည်းကောင်း၊ အမျိုးသားပွဲစဉ်အဖြစ် ထိုင်းအမျိုးသားအသင်းနှင့် ဘရူနိုင်းအမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ထိုင်းအမျိုးသားအသင်းက ဘရူနိုင်းအမျိုးသားအသင်းကို ၁၁ ဂိုး- တစ်ဂိုးဖြင့် လည်းကောင်း ၊ အင်ဒိုနီးရှားအသင်းက အိမ်ရှင်မြန်မာအမျိုးသားအသင်းကို ၁၂ ဂိုး-၄ ဂိုးဖြင့် အသီးသီးအနိုင်ရခဲ့ကြကြောင်း သိရသည်။

ဂိုးလ်ဘောအားကစားနည်းတွင် တစ်ဖက်လျှင် မျက်မမြင်အားကစားသမား သုံးယောက်စီ ပါဝင်ယှဉ်ပြိုင်ကစားကြရပြီး ယင်းအားကစားနည်းသည် လက်ဖြင့်ဘောလုံးကို တစ်ဖက်ဂိုးပေါက်သို့ ပစ်သွင်းရပြီး တစ်ဖက်အသင်းမှလည်း ဂိုးမပေးရရေး ကာကွယ်ရသည့် အားကစားနည်းတစ်ခု ဖြစ်သည်။

အဆိုပါအားကစားနည်းတွင် အိမ်ရှင်မြန်မာအမျိုးသမီးအသင်း အပါအဝင် လာအိုနှင့် ထိုင်းနိုင်ငံမှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြပြီး အမျိုးသားအသင်းများတွင် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ တီမောနှင့် ထိုင်းနိုင်ငံတို့မှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယင်းအားကစားနည်းများကို ဇန်နဝါရီ ၁၅ ရက်မှ ၁၉ ရက်ထိ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် နေ့စဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မျိုးစန္ဒာမောင်)**



ဓာတ်ပုံ - ခင်မောင်ဝင်း

# ဘီးတပ်ဘတ်စကက်ဘော

**နေပြည်တော်　ဇန်နဝါရီ　၁၅**

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၇)ကြိမ်မြောက်အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၂ မျိုး ထည့်သွင်းယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ယင်းအားကစားနည်းများအနက် တစ်ခုအပါအဝင်ဖြစ်သော ဘီးတပ်ဘတ်စကက်ဘောပြိုင်ပွဲ ပထမနေ့ပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် စတင်ကျင်းပခဲ့သည်။

ပထမနေ့ပွဲစဉ်တွင် မြန်မာနှင့် မလေးရှားအသင်း၊ ညနေပိုင်းတွင် ထိုင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ဘီးတပ် ဘတ်စကက်ဘောပြိုင်ပွဲတွင် အိမ်ရှင်မြန်မာနိုင်ငံအပါအဝင် မလေးရှား၊ ထိုင်း၊ ဖိလစ်ပိုင်နိုင်ငံတို့မှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဇန်နဝါရီ ၁၈ တွင် ဆီမီးဖိုင်နယ်ပွဲစဉ်များကို လည်းကောင်း၊ ဇန်နဝါရီ ၁၉ ရက်တွင် ဗိုလ်လုပွဲ ပွဲစဉ်များကို လည်းကောင်း ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**(မျိုးစန္ဒာမောင်)**



ဓာတ်ပုံ - ခင်မောင်ဝင်း

(၇)ကြိမ်မြောက် အရှေ့တောင်အာရှမသန်စွမ်းအားကစားပြိုင်ပွဲတွင် သံလုံးပစ်အားကစားနည်းကို ဇန်နဝါရီ ၁၅ ရက်က ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံကိုယ်စားပြု မသန်စွမ်းအားကစားသမားတစ်ဦး ပါဝင်ယှဉ်ပြိုင်နေစဉ်။　သန်းနိုင်(ဇမ္ဗူသီရိ)







(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ပြေးခုန်ပစ်ပြိုင်ပွဲ၏ အမျိုးသမီးအလျားခုန်ပြိုင်ပွဲများကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း၌ ဇန်နဝါရီ ၁၅ ရက်က ကျင်းပခဲ့ရာ ဆေးအဆင့် F.11/12/13 အဆင့်ရှိ အမြင်အာရုံချို့ယွင်း အမျိုးသမီးအားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြစဉ်။

သန်းနိုင်(ဇမ္ဗူသီရိ)

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ၏ ဘိုစီယာပြိုင်ပွဲတွင် အားကစားသမားတစ်ဦး ပါဝင်ယှဉ်ပြိုင်နေစဉ် (ဝဲပုံ) နှင့် မသန်စွမ်း စားပွဲတင်တင်းနစ် အားကစားနည်းတွင် အားကစားသမားတစ်ဦး ပါဝင်ယှဉ်ပြိုင်နေစဉ်။ (ယာပုံ)



ပြည်တွင်းရေးရာ

# မြန်မာမသန်စွမ်းအားကစားသမားများကို စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးရမည့် ပြိုင်ပွဲ

(သို့မဟုတ်)

# (၇) ကြိမ်မြောက်အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ

ဝင်းထွဋ်ဦး

**၂၀၁၄ ခုနှစ် နှစ်သစ်အစပိုင်းရက်များတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့များ၏ ပြိုင်ပွဲအတွက် ကြိုတင်စခန်းသွင်းပြင်ဆင်လေ့ကျင့်နေမှုနှင့် ဆုတံဆိပ်ရည်မှန်းမျှော်လင့်ထားရှိမှု စသည့်သတင်းများကို ဂျာနယ်၊ သတင်းစာများမှာ နေ့စဉ်လိုလို မြင်တွေ့ဖတ်ရှုခဲ့ရသည်။ ယနေ့လည်း ဖတ်ရှုရသည်။ ဟုတ်ပါသည်။ မြန်မာမသန်စွမ်းအားကစားအဖွဲ့များသည် မိမိမြေ၊ မိမိအားကစားကွင်း၊ မိမိပရိသတ်ရှေ့မှောက်တွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည့် (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးမှာ အမြင့်ဆုံးအောင်မြင်မှု (ရွှေဆု) ရလဒ်များ ဆွတ်ခူးရယူပြီး မိမိနိုင်ငံနှင့် လူမျိုး၏ဂုဏ်ကို ဆောင်နိုင်ရန် အစွမ်းကုန်ကြိုးပမ်းအားထုတ်လေ့ကျင့်နေကြခြင်းပင်ဖြစ်သည်။**

တန်းတူညီမျှမှု (Equality)၊ စုစည်းညီညွတ်မှု(Unity)၊ ချစ်ကြည်ရင်းနှီးမှု (Friendship) ဟူသော ရည်ရွယ်ချက် သုံးရပ်ဖြင့် (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက် မှ ၂၀ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားကွင်း၊ အားကစားရုံများတွင် ကျင်းပမည့် ပြိုင်ပွဲသည် မြန်မာနိုင်ငံအနေဖြင့် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲသမိုင်းတွင် ပထမဦးဆုံးအကြိမ် လက်ခံကျင်းပခွင့်ရသည့် ပြိုင်ပွဲဖြစ်သည်။ ပြိုင်ပွဲတွင် မြားပစ်၊ ပြေးခုန်ပစ်၊ ဘိုစီယာ၊ စစ်တုရင်၊ ခုနစ်ယောက်တစ်ဖက်ဘောလုံး၊ ငါးယောက်တစ်ဖက်ဘောလုံး၊ ဂိုးလ်ဘော၊ အလေးမ၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ထိုင်လျက်ဘော်လီဘောနှင့် ဘီးတပ်ဘတ်စကက်ဘော ဟူသည် အားကစားနည်း ၁၂ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။ အိမ်ရှင်မြန်မာနိုင်ငံမှ မသန်စွမ်းအားကစား ၂၁၃ ဦးအပါအဝင် အာဆီယံ ၁၁ နိုင်ငံမှ မသန်စွမ်းအားကစားသမား ၁၁၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြမည်။

မြန်မာမသန်စွမ်းအားကစားအဖွဲ့သည် အာဆီယံဒေသတွင်းရှိ မသန်စွမ်းသူများ အားကစားအဆင့်အတန်း တိုးတက်စေရေး၊ ဒေသတွင်း ချစ်ကြည်ရင်းနှီးမှု တိုးတက်မြှင့်တင်စေရေးတို့ကို ရည်ရွယ်ပြီး အာဆီယံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် (ASEAN Para Sports Federation APSF) မှ ကျင်းပသည့် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများကို နှစ်စဉ် (အကြိမ်တိုင်း) ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ပထမဆုံးအကြိမ်ကျင်းပသည့် ၂၀၀၁ မလေးရှား(အိမ်ရှင်) ပြိုင်ပွဲမှသည် နောက်ဆုံးကျင်းပခဲ့သည့် အင်ဒိုနီးရှား(အိမ်ရှင်)၊ ၂၀၁၁ (၆)ကြိမ်မြောက် ပြိုင်ပွဲအထိ ခြောက်ကြိမ်ရှိခဲ့ပြီး ယခုနှစ် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်ပြိုင်ပွဲဆိုလျှင် (၇)ကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်သည့် ပြိုင်ပွဲဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲအကြိမ်တိုင်း မြန်မာမသန်စွမ်းအားကစားအဖွဲ့သည် အမြင့်ဆုံးအောင်မြင်မှု(ရွှေဆု)များ ဆွတ်ခူးနိုင်သည်ကို တွေ့ရသည်။ ပါဝင်ယှဉ်ပြိုင်သည့် အားကစားနည်း အမျိုးအစား အားလုံးလိုလိုတွင် ဆုတံဆိပ်များ ရယူနိုင်ခဲ့သည်။ ပထမဆုံးအကြိမ် ၂၀၀၁ ပြိုင်ပွဲတွင် ရွှေဆု ၄၁ ဆု အပါအဝင် ဆုတံဆိပ်ပေါင်း ၇၅ ဆုအထိ ဆွတ်ခူးနိုင်ခဲ့သလို ပြီးခဲ့သည့် (၆) ကြိမ်မြောက် ပြိုင်ပွဲတွင်လည်း ရွှေဆု ၁၁ ဆု၊ ငွေဆု ၉ ဆု၊ ကြေး ၁၄ ဆု စုစုပေါင်း ဆုတံဆိပ် ၃၄ ခု ဆွတ်ခူးရယူနိုင်ခဲ့သည်။ ၎င်းရလဒ်(အောင်မြင်မှု)ကို ကြည့်လျှင် မြန်မာမသန်စွမ်းအားကစားမောင်မယ်များသည် သာမန်သူများထက် အဆပေါင်းများစွာ ကြိုးစားအားထုတ်ကာ မသန်စွမ်းအားကစားဖြင့် နိုင်ငံ့ဂုဏ်ကို ဆောင်ခဲ့ကြသည်မှာ များစွာပေါ်လွင်ထင်ရှားလှပါသည်။

ယခုနှစ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့် ပြိုင်ပွဲကြီးတွင် ယခင်နှစ်များက ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲများထက် ပိုမိုအောင်မြင်မှုရယူနိုင်အောင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ဝင် မောင်မယ်များ အားလုံးက ရည်မှန်းချက်ထားကာ အစွမ်းကုန်ကြိုးစားလေ့ကျင့်နေကြသည်။ ပြိုင်ပွဲကြီးတွင်လည်း မြန်မာမသန်စွမ်းအားကစား မောင်မယ်များက "မသန်သော်လည်း စွမ်းပါသည်၊ နိုင်ငံ့ဂုဏ်ကို မြှင့်တင်မည်"ဟူသော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ပြိုင်ဘက်များကို ကျော်ဖြတ်အနိုင်ယူကာ ရွှေဆုရယူပြီး နိုင်ငံနှင့် လူမျိုးဂုဏ်ကို ဆောင်နိုင်ရန် ရေကုန်ရေခန်းကြိုးစားယှဉ်ပြိုင်ကြမည်မှာ သေချာပေါက်ပင်ဖြစ်နေပေသည်။ ပွဲစဉ်တိုင်း နိုင်ငံတော်သီချင်းကို သံပြိုင်သီဆိုကာ မိမိနိုင်ငံ၏ အလံတိုင်ထိပ်အရောက် လွှင့်ထူနိုင်အောင် အားကုန်ထုတ် ယှဉ်ပြိုင်ကြမည်မှာလည်း အမှန်ပင်ဖြစ်နေပေသည်။

လိုအပ်ချက်ရှိနိုင်သည်မှာ မြန်မာအားကစားပရိသတ်ကြီး၏ တစ်ခဲနက်အားပေးထောက်ခံမှုဟု ဆိုရမည်။ ဆီးဂိမ်းပြိုင်ပွဲကြီးတွင် မြန်မာအားကစားပရိသတ်ကြီး၏ တစ်ခဲနက်အားပေးထောက်ခံကြမှုကြောင့် မြန်မာအားကစားသမားများ စိတ်ဓာတ်ခွန်အား ပိုမိုတက်ကြွကာ အမြင့်ဆုံးအောင်မြင်မှုရလဒ်(ရွှေဆု)များ မျှော်လင့်ထားသလောက် ရရှိခဲ့သည်ဟုဆိုလျှင် မည်သူမျှ ငြင်းကြမည်မဟုတ်ပေ။ ထိုနည်းတူ ယခု ကျင်းပနေသည့် ပြိုင်ပွဲကြီး၌ မြန်မာနိုင်ငံ ကိုယ်စားပြုမသန်စွမ်းအားကစားသမားများကိုလည်း စိတ်ဓာတ်ခွန်အား ပိုမိုတက်ကြွလာအောင် မြန်မာအားကစားပရိသတ်များ ဆီးဂိမ်းပြိုင်ပွဲကထက် ပို၍ပင် တစ်ခဲနက် အားပေးထောက်ခံသင့်ပေသည်။

တကယ်တမ်းလည်း ကိုယ်လက်အင်္ဂါမပြည့်စုံဘဲ နိုင်ငံ့ဂုဏ်တက်အောင် အားကစားဖြင့် စွမ်းဆောင်ပေးကြမည့် မသန်စွမ်းအားကစားသမားမောင်မယ်များကို စိတ်ဓာတ်ခွန်အား ပိုမိုမြှင့်တင်ပေးရန် လိုအပ်သည်မဟုတ်ပါလား။ သို့ဖြစ်၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့် (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာမသန်စွမ်းအားကစားမောင်မယ်များအားလုံး ပြိုင်ပွဲ(အားကစားနည်း)တိုင်း အမြင့်ဆုံးအောင်မြင်မှု(ရွှေဆု) ရယူဆွတ်ခူးနိုင်ရေးအတွက် ကျွန်ုပ်တို့ မြန်မာအားကစားပရိသတ်များအနေဖြင့် မြန်မာမသန်စွမ်းအားကစားသမားများကို စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးရင်း တစ်ခဲနက်အားပေးကြပါစို့။ ။

## မသန်သော်လည်း စွမ်းသူများ

* ကံမကောင်းအကြောင်းမလှလို့
ဖြစ်ခဲ့ရ မစွမ်းမသန်ပါ၊
"ပဉ္စာဝုဓ"စိတ်ဓာတ်နဲ့
ကျန်ရှိတဲ့ ကိုယ်အင်္ဂါများက
ဘဝအတွက် အားမာန်တွေပါ။
ခြေလက်တစ်ဖက်မရှိပြန်လည်း
နောက်တစ်ဖက်စီကျန်သေးလို့
အားမငယ်ပါ ကိုယ့်အတွက်
ကျန်ခြေလက်တွေအသုံးပြုပြီး
ရှေ့ခရီးဆက်သူတို့။

* အားကစားရဲ့ဇွဲ၊ စိတ်ဓာတ်
မြင့်မြတ်လို့ တို့ချစ်ခင်၊
သူ့စွမ်းအင်သူ့ခွန်အား
စိတ်ဓာတ်များမိုးယံဆီသို့
လွင့်ပျံ့လို့ပင်။
သူတို့အား သူတို့အင်
မသန်ပင် မသန်သော်ငြား၊
သူတို့ဇွဲစိတ်ဓာတ်များက
မိုးယံကြားအောင် ဂုဏ်ရှိန်ဝင့်လို့
လွန်မြင့်မြင့်မား။

* ခုနစ်ကြိမ်မြောက်အာဆီယံ
မသန်စွမ်းသူတို့ အားကစားပွဲ၊
တို့မြန်မာများရဲ့ နေပြည်တော်မှာ
အားကစားနည်းစုံလင်စွာနဲ့
ယှဉ်ပြိုင်ကာနွှဲ။
မသန်သော်လည်းစွမ်းသူတွေပါ
ဇွဲ စိတ်အရာမှာပြိုင်စံရှား၊
အားကစားနည်းဆယ့်နှစ်မျိုးမှာ
လူတစ်ထောင့်တစ်ရာကျော်ပါဝင်တဲ့
"အာဆီယံပါရာ"တို့ရဲ့အားကစား။ ။

ဖိုးရန်နိုင်(ကျောက်ကြီး)



# မသန်စွမ်းအားကစားသမားများ အဆင်ပြေချောမွေ့စွာ တက်ရောက်နိုင်ရေး ကူညီ

**နေပြည်တော် ဇန်နဝါရီ ၁၅**

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဇန်နဝါရီ ၁၄ ရက် ညနေ ၅ နာရီခွဲက ကျင်းပခဲ့ရာ အခမ်းအနားသို့ အာဆီယံနိုင်ငံများမှ မသန်စွမ်းအားကစားသမားများ တက်ရောက်ကြသည်။

အဆိုပါဖွင့်ပွဲအခမ်းအနား တက်ရောက်သူ အားကစားသမားများ အဆင်ပြေစိတ်ချမ်းမြေ့စွာ တက်ရောက်အားပေးနိုင်ရေးအတွက် ကားပေါ်မှ Wheel Chair များ ဖြင့် အတင်အချပြုလုပ်ပေးခြင်း၊ ကွင်းအတွင်းနှင့် ထိုင်ခုံနေရာများသို့ ပို့ဆောင်ပေးခြင်း၊ နားနေဆောင်များနှင့် အားကစားသမားများသွားလာသည့် နေရာများသို့ ပို့ဆောင်ပေးခြင်းတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အားကစားပြိုင်ပွဲတာဝန်ရှိသူများက အဘက်ဘက်မှ နွေးထွေးစွာ ကြိုဆိုပံ့ပိုးကူညီပေးခဲ့ကြကြောင်း သတင်းရရှိသည်။**(ယာပုံနှင့်အောက်ပုံ)** **(ကြေးမုံ)**





# (၇)ကြိမ်မြောက် အရှေ့တောင်အာရှ မသန်စွမ်းအားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်ဆု ၅၀ ရရှိနိုင်ကြောင်း မလေးရှားပြောကြား



မလေးရှားလူငယ်နှင့် အားကစားဒုတိယဝန်ကြီး ဆာရာဗာနန်။

**နေပြည်တော် ဇန်နဝါရီ ၁၅**

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မြို့တော် နေပြည်တော် ဇဗ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပလျက်ရှိသည့် (၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မလေးရှားနိုင်ငံအနေဖြင့် ရွှေတံဆိပ်ဆု ၅၀ အထိ ရရှိနိုင်ကြောင်း မလေးရှားလူငယ်နှင့် အားကစားဒုတိယဝန်ကြီး ဆာရာဗာနန်က ပြောကြားခဲ့သည်။

"ကျွန်တော်တို့ အားကစားသမားတွေရဲ့ ပြင်ဆင်ထားမှုများအရ မြန်မာနိုင်ငံမှာ ကျင်းပမယ့် (၇)ကြိမ်မြောက် အရှေ့တောင်အာရှ မသန်စွမ်းအားကစားပြိုင်ပွဲမှာ ရွှေတံဆိပ် ဆု ၅၀ အထိ ရရှိဖို့ မျှော်မှန်းထားပါတယ်။ ကစားသမားတွေအနေနဲ့လည်း မလေးရှားနိုင်ငံအတွက် ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိနိုင်ရန် စိတ်အားထက်သန်လျက်ရှိနေပါတယ်။ ဒါ့အပြင် မျှော်မှန်းထားတဲ့ရွှေတံဆိပ်ဆုတွေကိုလည်း ရယူပေးနိုင်မယ်လို့ ကတိပြုထားပါတယ်" ဟု မြန်မာနိုင်ငံ အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကျင်းပရာနေရာနှင့် အားကစားရွာသို့ သွားရောက်လေ့လာခဲ့ပြီးနောက် မလေးရှားလူငယ်နှင့် အားကစားဒုတိယဝန်ကြီး ဆာရာဗာနန်က ပြောကြားခဲ့သည်။

မလေးရှားလူငယ်နှင့် အားကစားဒုတိယဝန်ကြီး ဆာရာဗာနန်သည် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပခဲ့သည့် (၇)ကြိမ်မြောက်အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်ခဲ့သည့်အပြင် နေပြည်တော် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကျင်းပရေးကော်မတီ၏ အထောက်အပံ့များကို အသိအမှတ်ပြုကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ်လက်ခံကျင်းပခွင့်ရရှိခဲ့သည့် (၇)ကြိမ်မြောက် အရှေ့တောင်အာရှ မသန်စွမ်းအားကစားပြိုင်ပွဲတွင် ဘိုစီယာ၊ တစ်ဖက်ငါးယောက်နှင့် တစ်ဖက်ခုနစ်ယောက် ဘောလုံးအားကစားနည်း၊ ဂိုးလ်ဘောအားကစားနည်း၊ ထိုင်လျက်ဘော်လီဘော၊ စားပွဲတင်တင်းနစ်၊ စစ်တုရင် စသည့်

**နိုင် လင်း ကြည်**

အားကစားနည်းများပါဝင်ကစားမည်ဖြစ်ရာ မလေးရှားမသန်စွမ်းအားကစားသမားများအနေဖြင့် ထိုင်လျက်ဘော်လီဘောကစားနည်းမှလွဲ၍ အခြားအားကစားနည်း ၁၁ မျိုး ပါဝင်ကစားရန်ရှိကြောင်းနှင့် အဆိုပါ အားကစားနည်းများမှ ရွှေတံဆိပ်ဆု ၅၀ အထိ ရယူသွားရန်ရှိကြောင်း ပြောကြားသည်။

မလေးရှားနိုင်ငံသည် ယခုကျင်းပသည့် (၇)ကြိမ်မြောက် အားကစားပြိုင်ပွဲအထိ ပါဝင်ယှဉ်ပြိုင်မှုများရှိခဲ့သော်လည်း ၂၀၀၁ ခုနှစ်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ အိမ်ရှင်အဖြစ်ကျင်းပခွင့်ရခဲ့သည့် ပထမအကြိမ် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၌သာ ဆုတံဆိပ် ၁၃၂ခုရရှိကာ ပထမနေရာ၌ရပ်တည်နိုင်ခဲ့သော်လည်း ဒုတိယအကြိမ်မှ (၆)ကြိမ်မြောက်အထိ ထိုင်းနိုင်ငံကသာ ဆုတံဆိပ်အများဆုံးရရှိကာ ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
# နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

## တက္ကသိုလ်ဝင်စာမေးပွဲ
## သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာ

တက္ကသိုလ်ဝင်စာမေးပွဲအတွက် အင်္ဂလိပ်စာ ဘာသာရပ်အတွက် စာကိုကျက်မှတ်ရာမှာ ပြဋ္ဌာန်းထားတဲ့ Grade 11 English Text ကို သေသေချာချာ လေ့လာကြဖို့ လိုပါတယ်။ ပြဋ္ဌာန်းထားတဲ့ English Text မှာ Unit (၁၄)ခု ပါရှိပါတယ်။

ကျောင်းသား ကျောင်းသူတွေအနေနဲ့ ဒီ Grade 11 English Text မှာပါတဲ့ Reading Section, Vocabulary Section, Grammar Section, Writing Section, နဲ့ Selected Poems တွေအားလုံးကို ကျေကျေညက်ညက်သိရှိထားကြဖို့လိုပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်အတွက် မေးခွန်းများဟာ ပြဋ္ဌာန်းစာအုပ်ကိုပဲ အခြေခံပြီး မေးမှာဖြစ်ပါတယ်။နှစ်တိုင်းမှာမေးတဲ့မေးခွန်းပုံစံတွေလိုပဲ မေးခွန်း (၉)ပုဒ်မေးမှာ ဖြစ်တယ်။

မေးခွန်းနံပါတ်(၁)ကတော့ English Text မှာပါတဲ့ Unit (၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ကို ပေးထားပြီး၊ အဲဒီစာပိုဒ်မှာပါတဲ့ အကြောင်းအရာတွေကို မေးခွန်းအမျိုးအစား (၂)မျိုးနဲ့ မေးမှာဖြစ်တယ်။

Question No. 1(A) က Write the correct word or words to complete each sentence. ဖြစ်တယ်။ ပေးထားတဲ့ စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်တယ်။ Item (၅)ခု မေးထားပြီး စာလုံးတစ်လုံး၊ ဒါမှမဟုတ် စကားစုတစ်စုနဲ့ ကွက်လပ်ကိုဖြည့်ရမှာ ဖြစ်တယ်။

သတိပြုရမှာက ပေးထားတဲ့ဝါကျရဲ့ တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလို စကားလုံးတွေကို ပြောင်းရေးဖို့လိုချင်လိုလိမ့်မယ်။ ဥပမာ - စာပိုဒ်ထဲမှာ noun form သို့မဟုတ် adjective form နဲ့ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ verb form ပြောင်းပြီးဖြည့်ချင်ဖြည့်ရမယ်။ စာပိုဒ်ထဲမှာ active verb form နဲ့ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ passive verb form ပြောင်းပြီးဖြည့်ချင်ဖြည့်ရမယ်။

ဥပမာ စာပိုဒ်ထဲမှာ The organizers of a self-service store must deal with perishable foodstuffs requiring different ranges of temperature. လို့ ပေးထားပေမယ့်မေးခွန်းမှာ Perishable foodstuffs —————— different ranges of temperature. လို့ ပေးထားရင် ဒီကွက်လပ်မှာ ဖြည့်ရမယ့်စကားလုံးက verb simple form ဖြစ်ရပါမယ်။ ဒါကြောင့် requiring ဆိုတဲ့ စာပိုဒ်ထဲက present participle နဲ့ ပေးထားတဲ့ စကားလုံးကို ဒီအတိုင်းပြန်ကူးရေးလို့မရပါဘူး။ အဖြေမှန်က require ဖြစ်ပါတယ်။

တစ်ခါတလေ verb form ဖြည့်ရတာဖြစ်ပေမယ့် active voice form ကနေ passive voice form ပြောင်းဖို့ လိုချင်ရင်လိုလိမ့်မယ်။ ဥပမာ Robots ထဲက စာကြောင်းတစ်ကြောင်းဖြစ်တဲ့ Robots are used in the process for the painting, welding and assembly of the cars. လို့ ပေးထားပေမယ့် မေးထားတဲ့စာကြောင်းက People ———— robots in the process for the painting, welding and assembly of the car. လို့ပေးထားတဲ့အတွက် ဒီစာကြောင်းမှာ သုံးရမယ့် verb က passive verb form မဟုတ်တော့ဘဲ active verb form ဖြစ်ရပါမယ်။ ဒါကြောင့် အဖြေမှန်က use ဖြစ်ပါတယ်။

Question No. 1(B) ကတော့ Answer each question in one sentence. ဖြစ်တယ်။ စာပိုဒ်ထဲမှာပါတဲ့ အကြောင်းအရာ အချက်အလက်တွေကိုမေးတဲ့ မေးခွန်း (၅)ခုမေးထားပြီး ဒီမေးခွန်းတွေကို ပေးထားတဲ့စာပိုဒ်ထဲကအဖြေရှာပြီး ပြည့်စုံတဲ့ဝါကျတစ်ကြောင်းနဲ့ အဖြေရေးပေးရမှာဖြစ်တယ်။ အမှတ်ပြည့်ရရှိဖို့အတွက် မေးခွန်းမှာမေးတဲ့အကြောင်းအရာ (content)ရော၊ သဒ္ဒါ (grammar) ပါ မှန်မှန်ကန်ကန်ဖြေနိုင်အောင် များများလေ့ကျင့်ထားဖို့ လိုပါတယ်။ ဥပမာ - စာပိုဒ်ထဲမှာ Jenny Tier Bishop sat before the mirror, turning her head from side to side. လို့ပေးထားပြီး While sitting before the mirror what did Jenny Tier Bishop do? လို့မေးရင်စာပိုဒ်ထဲမှာ ပေးထားတဲ့အတိုင်းပြန်မကူးဘဲ While sitting before the mirror, Jenny Tier Bishop turned her head from side to side. လို့ မှန်မှန်ကန်ကန်ပြန်ဖြေပေးမှသာ အမှတ်ပြည့်ရမှာဖြစ်တယ်။ Past tense နဲ့ မေးထားတဲ့အတွက် အဖြေကလည်း past tense verb ကိုပြန်သုံးရပါမယ်။

ပြဋ္ဌာန်းစာအုပ်ပါစာပိုဒ်များနဲ့ဆိုင်တဲ့ မေးခွန်းတွေကို အလွတ်ကျက်မှတ်တာထက် မေးခွန်းအမျိုးမျိုးကို ဖြေတတ်အောင် လေ့ကျင့်ထားဖို့လိုပါတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချပေးလိုက်တာမျိုးလည်း မပြုလုပ်ကြဖို့ သတိပေးချင်ပါတယ်။ မေးထားတာကို ဆီလျော်အောင် မှန်မှန်ကန်ကန် ပြန်ဖြေတတ်အောင် လေ့ကျင့်ထားဖို့လိုပါတယ်။

မေးခွန်းနံပါတ်(၂)မှာပေးထားတဲ့မေးခွန်းကတော့ Fill in each blank with a word from the list given. Write down only the number of the blank and the word that fills it. ဖြစ်ပါတယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ Unit (၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ကို (၈)လုံးမြောက်စကားလုံးတွေကို ကွက်လပ်လုပ်ထားပြီး မေးထားတယ်။ ကွက်လပ်ပေါင်း(၂၀)ရှိပြီး ဒီကွက်လပ်တွေကို ဖြည့်စွက်ဖို့ စကားလုံး(၂၀)ကိုလည်း စာပိုဒ်အပေါ်မှာ ပေးထားပါတယ်။ သတိပြုရမယ့်အချက်ကတော့ စာပိုဒ်ကြီး တစ်ပိုဒ်လုံးကို ပြန်ကူးရေးဖို့မလိုပါဘူး၊ ကွက်လပ်နံပါတ်နဲ့ အဖြေကိုသာ ရေးရမှာဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတွေရဲ့ အင်္ဂလိပ်စာတတ်မြောက်မှုကို ခြုံငုံစစ်ဆေးတာဖြစ်တယ်။ ဒီမေးခွန်းအတွက် ဘယ်လိုအမှားမျိုးကိုမှ လက်မခံကြောင်းလည်း သတိပြုမိကြဖို့ လိုပါတယ်။ ဥပမာအားဖြင့် capital letter နဲ့ရေးထားတာကို small letterနဲ့ ပြန်ရေးမိတာမျိုးမဖြစ်ဖို့၊ အနည်းကိန်း အများကိန်း မှားမသွားဖို့၊ plural number noun ဖြစ်ရမှာကို ‘s’ ကျန်ခဲ့တာမျိုးမဖြစ်ဖို့ မှာချင်ပါတယ်။ ဒါကြောင့် စာလုံးကြီးနဲ့ စာလုံးသေး ကွဲပြားအောင်ရေးဖို့အပြင် စာလုံးပေါင်းမှန်အောင် ပြန်ရေးဖို့လည်းလိုပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသားကျောင်းသူတွေရဲ့ reading skill ဆိုတဲ့ စာဖတ်ပြီးနားလည်နိုင်မှုစွမ်းရည်နဲ့ grammar ဆိုတဲ့ ဘာသာစကားရဲ့သဒ္ဒါကျွမ်းကျင်ပိုင်နိုင်မှုအပိုင်း နှစ်ပိုင်းစလုံးကို ဆန်းစစ်လိုတာဖြစ်လို့ စာပိုဒ်တွေကို အလွတ်ကျက်ဖို့ထက် စာပိုဒ်တွေကို နားလည်ပြီး grammar မှန်မှန်နဲ့ အဓိပ္ပာယ်ရှိတဲ့ ဝါကျတွေဖြစ်အောင် မေးထားတဲ့ကွက်လပ်တွေမှာ ပေးထားတဲ့ စကားလုံးတွေကို ဖြည့်နိုင်အောင်ကြိုးစားရမယ်။

မေးခွန်းနံပါတ်(၃)ကတော့ ကျောင်းသားကျောင်းသူတို့ရဲ့ အင်္ဂလိပ်စာတတ်ကျွမ်းမှုစွမ်းရည်အပြင် မှတ်သားနိုင်မှုစွမ်းရည်ကို စစ်ဆေးတဲ့ မေးခွန်းပုံစံဖြစ်တယ်။ Write the appropriate words or groups of words to complete the sentences or lines of verse. လို့မေးမှာဖြစ်တယ်။ Item (၁၀)ခု မေးထားပြီးတော့ ကွက်လပ်(၁၀)ခုကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ကွက်လပ် (၅)ခုက text မှာပါတဲ့ Unit (၁၄)ခုထဲက ကောက်နုတ်ချက်တွေဖြစ်ပြီး ကျန်ကွက်လပ်(၅)ခုကတော့ ကဗျာ(၇)ပုဒ်ထဲက ကောက်နုတ်ချက်တွေ ဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသားကျောင်းသူတွေရဲ့ သင်ယူထားတဲ့ အချက်အလက်တွေနဲ့ ကဗျာတွေကို နားလည်မှတ်သားပြီးပြန်ပြီးရေးသားတင်ပြနိုင်မှု စွမ်းရည်ရှိမရှိကို စစ်ဆေးတာဖြစ်တယ်။ တိတိကျကျ ပြန်လည်ဖော်ပြတာကိုပဲ လိုချင်တဲ့အတွက် စာလုံးပေါင်းမှားယွင်းမှုမရှိအောင် သတိထားကြဖို့လိုပါတယ်။ ကွက်လပ်တွေကို ဖြည့်တဲ့နေရာမှာ စကားလုံးတစ်လုံးတည်း ဖြည့်ရတာရှိသလို စကားစုတစ်စု ဖြည့်ရတာမျိုးလည်းရှိတာကို သတိပြုဖို့လိုပါတယ်။

စကားလုံးတစ်လုံးတည်း ဖြည့်ရတာရှိသလို စကားစုတစ်စု ဖြည့်ရတာမျိုးလည်းရှိတာကို သတိပြုဖို့လိုပါတယ်။ နမူနာပြရမယ်ဆိုရင်

1. Looking good does not mean making yourself into —————— of a famous pop star.
2. Bangkok is the capital of Thailand and is regarded as a —————— paradise.
3. The little frog became a bird, And slowly ——————

ဆိုတဲ့မေးခွန်းတွေကို ကြည့်မယ်ဆိုရင် နံပါတ်(၁)မှာ a carbon copy ဆိုတဲ့ စကားလုံးသုံးလုံးလိုပေမယ့် နံပါတ် (၂) မှာတော့ shopper’s ဆိုတဲ့စကားလုံး တစ်လုံးတည်းလိုမှာဖြစ်တယ်။ နံပါတ် (၃)မှာဆိုရင် အဖြေက flew away စကားလုံးနှစ်လုံး လိုမှာဖြစ်တယ်။ ဒါကြောင့် ကွက်လပ်တစ်ခုတည်းရှိလို့ စကားလုံးတစ်လုံးတည်းပဲ ထည့်ရမယ်လို့ မှတ်လို့မရပါဘူး။

မေးခွန်းနံပါတ် (၄)ဟာ ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက်လေ့လာထားမှု ရှိ မရှိ စစ်ဆေးနိုင်ဖို့ မေးခွန်း (၅)ခု မေးထားပါတယ်။

မေးခွန်း နံပါတ်(၄)ရဲ့ item 1 နဲ့ item 2 ကတော့ text မှာပါတဲ့ Unit (၁၄)ခုထဲက ကောက်နုတ်မေးထားတာပဲဖြစ်တယ်။ ဒီမေးခွန်းနှစ်မျိုးစလုံးမှာ choices ပေးထားပါတယ်။ OR ခံထားတဲ့မေးခွန်းထဲက ကြိုက်ရာတစ်ပုဒ်ကို ရွေးဖြေကြရမှာဖြစ်တယ်။ ကျောင်းသားကျောင်းသူများဟာ အချက်အလက်ရော သဒ္ဒါပါမှန်ကန်တဲ့ အဖြေစာကြောင်းများနဲ့ ဖြေကြားရမှာဖြစ်ပါတယ်။

ဥပမာ

IV. 1. What could robots used in factories do if there were any problems? (OR)

Among which age group is sleepwalking most common and when do they grow out of it? လို့ နံပါတ်(၁)မှာ မေးတယ်ဆိုပါစို့။

ပထမမေးခွန်းကို ရွေးပြီးဖြေမယ်ဆိုရင် အဖြေက Robots used in factories could ring up the/ their supervisor and ask for help. ဒုတိယမေးခွန်းကို ရွေးပြီးဖြေမယ်ဆိုရင် အဖြေက Sleepwalking is most common among children and they grow out of it when they become adolescents. ဖြစ်ပါတယ်။ ဒီမေးခွန်းတွေကို မှန်မှန်ကန်ကန်ဖြေဆိုနိုင်ဖို့ Unit (၁၄)ခု စလုံးမှာပါတဲ့ အကြောင်းအရာတွေကို အသေးစိတ်ဖတ်ပြီး မှတ်သားထားဖို့လိုပါတယ်။

ဒီမေးခွန်းနံပါတ် (၄)ရဲ့ item 3 နဲ့ item 4 မှာ မေးလေ့ရှိတဲ့ မေးခွန်းပုံစံတွေထဲက ပထမတစ်မျိုးကတော့ Who said these words and to whom were they said? What is the title of the unit from which the sentence is taken?

ဥပမာ Who said these words and to whom were they said? What is the title of the unit from which the sentence is taken?

“Soon after the two of you left, I built a fire.” လို့ မေးခဲ့ရင်အဖြေက The man of music and dancing said these words to his friends, the philosopher and the medico. The sentence is taken from (the story) “Too Much Knowledge Maketh Fools.” ဖြစ်ပါတယ်။

မေးနိုင်တဲ့အလားတူ မေးခွန်းပုံစံနောက်တစ်မျိုးကတော့ What is the title of the unit from which the sentence is taken? What does the word underlined in the sentence refer to? အဲဒီစာကြောင်းထဲမှာ it တို့ we တို့ they တို့ စသဖြင့် pronoun တွေပါခဲ့ရင် အဲဒါတွေဟာ ဘာကိုညွှန်းတယ်ဆိုတာ အဖြေဝါကျထဲမှာ သဲသဲကွဲကွဲ ဖော်ပြဖြေဆိုရမှာဖြစ်တယ်။ ဥပမာ What is the title of the unit from which the sentence is taken? What does the word underlined in the sentence refer to?

The female mosquito locates her human targets by following the carbon dioxide that we exhale. လို့မေးရင် အဖြေကThe title of the unit from which the sentence is taken is ‘Mosquito: Getting to know the enemy.’ The word underlined in the sentence refers to ‘the mosquito’s.’လို့ဖြေရပါမယ်။

ဒါမှမဟုတ် နောက်တစ်မျိုးမေးနိုင်တာကတော့ What is the title of the unit from which the sentence is taken? What does the following sentence mean? ဆိုတဲ့ မေးခွန်းမျိုးဖြစ်တယ်။ ဥပမာ What is the title of the unit from which the sentence is taken? What does the following sentence mean?

To my ears it sounded so much like the rhythmic beats of music coming from a drum that I started dancing to it? လို့ မေးလာရင် အဖြေကThe title of the unit from which the sentence is taken is ‘Too Much Knowledge Maketh Fools’. The sentence means that the bubbling noise of the boiling rice sounded so much like the regular repeated pattern of music which comes from a drum to the man of music and dancing that he started dancing to the bubbling noise of the boiling rice. လို့ဖြေရပါမယ်၊ ဒီအဖြေက နမူနာအဖြေသာ ဖြစ်တယ်။ ဒီစာကြောင်းရဲ့ ဆိုလိုရင်းကို ပေါ်လွင်စေတဲ့ သဒ္ဒါမှန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံပါတယ်။ မေးခွန်းရဲ ဒုတိယအပိုင်းဖြစ်တဲ့ What does the following sentence mean? ဆိုတဲ့မေးခွန်းမှာ Unit (၁၄)ခုထဲက စာကြောင်းတစ်ကြောင်းကို ထုတ်နုတ်ပြထားပြီး အဲဒီစာကြောင်းရဲ့ဆိုလိုရင်းကို မေးတာဖြစ်တယ်။

ဒီမေးခွန်းနံပါတ် (၄)ရဲ့ item 5 ကတော့ ကဗျာတွေထဲက စာကြောင်းနှစ်ကြောင်းလောက်ကို ပေးထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာပဲဖြစ်တယ်။ What do these lines mean? လို့မေးမှာဖြစ်တယ်။ ဒီမေးခွန်းကို ဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ ကဗျာတွေရဲ့အဓိပ္ပာယ်ကို နားလည်သိရှိထားဖို့လိုပါတယ်။ ကဗျာကိုအဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါမှာ၊ ဆိုလိုရင်းအဓိပ္ပာယ်ရော၊ သဒ္ဒါရော မှန်ရပါမယ်။

ဥပမာ What do these lines mean?

I shot an arrow into the air –

It fell to earth, I knew not where;

**စာမျက်နှာ (၂) သို့**

**စာမျက်နှာ (၁) မှ**

ဆိုတဲ့ကဗျာထဲကစာကြောင်း ၂ ကြောင်းကို ပေးထားတယ် ဆိုပါစို့။ အဲဒီကဗျာ၂ ကြောင်းရဲ့ စကားပြေကို ပြန်ပေးရမှာ ဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၅)က မေးခွန်းနံပါတ်(၁) Bလိုပဲ Unit (၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ပေးထားပြီး မေးခွန်း(၅)ခုကို ဖြေပေးရမှာဖြစ်တယ်။ ဒီမေးခွန်းတွေကို ကောင်းကောင်းဖြေဆိုနိုင်ဖို့အတွက် ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက်ဖတ်ပြီးအဓိပ္ပာယ်သိရမယ်။ အကြောင်းအရာနဲ့ သဒ္ဒါမှန်ကန်တဲ့ဝါကျတွေ တည်ဆောက်တတ်အောင်လည်း များများလေ့ကျင့်ထားရပါမယ်။ ဒီမေးခွန်းတွေက (၂) မှတ်တန် မေးခွန်းတွေဖြစ်ပေမယ့် မဖြေနိုင်ဘူးဆိုပြီး မဖြေဘဲမထားခဲ့ပါနဲ့။ အဖြေတစ်ဝက်လောက်မှန်ရင်လည်း အမှတ်တစ်ဝက်လောက်ရပါတယ်။ ဥပမာ၊ Preventing malaria includes a variety of measures: wearing protective clothing, using repellents and sleeping under bed nets treated with insecticides. လို့ပေးထားပြီး How can we prevent malaria? လို့မေးရင် စာပိုဒ်ထဲမှာပေးထားတဲ့အတိုင်း ပြန်မကူးဘဲ We can prevent malaria by wearing protective clothing, using repellents and sleeping under bed nets treated with insecticides. လို့ မှန်မှန်ကန်ကန် ပြန်ဖြေပေးမှသာ အမှတ်ပြည့်ရမှာဖြစ်တယ်။

မေးခွန်းနံပါတ်(၆) ကတော့ Punctuation နဲ့ဆိုင်တဲ့မေးခွန်းဖြစ်ပါတယ်။ Punctuate the following လို့မေးမှာဖြစ်တယ်။ capital, comma, semi-colon, colon, full stop, question mark, open and close inverted commas, exclamation mark, apostrophe တွေကို မှန်မှန်ကန်ကန် သုံးစွဲတတ်၊ မတတ် စစ်ဆေးမှာဖြစ်တယ်။ ဒီနံပါတ် (၆)မှာ ပြဋ္ဌာန်းစာအုပ်ထဲက စာကြောင်းတွေကို မေးလေ့ရှိပေမယ့် ပြဋ္ဌာန်းစာအုပ်ထဲမှာ မပါတဲ့ဝါကျတွေကိုလည်း မေးနိုင်တယ်။ အဓိကကတော့ Punctuation တွေကို ဘယ်လိုသုံးရမလဲဆိုတာသိဖို့ အရေးကြီးတယ်။ သတိပေးချင်တာကတော့ Punctuation မေးခွန်းအတွက် အလွတ်ကျက်ဖို့မလိုပါဘူး။ လေ့ကျင့်ခန်းများများလုပ်ပေးဖို့ လိုပါတယ်။ ဥပမာအားဖြင့် ဝါကျရဲ့အစ စကားလုံးတို့၊ လူနာမည်တို့ကို capital letter နဲ့ရေးဖို့၊ ဝါကျအဆုံးမှာ အဆိုဝါကျဖြစ်ရင် full stop သုံးဖို့၊ လူတစ်ဦးတစ်ယောက်ကပြောတဲ့ စကားလုံးတွေကို ပေးထားရင် အဲဒီစကားလုံးတွေရဲ့ အစနဲ့အဆုံးမှာ inverted commas တွေသုံးဖို့ သိရပါမယ်။

ဥပမာ ဖတ်စာအုပ်ထဲမှာပေးထားတဲ့ စာကြောင်းတစ်ကြောင်းကို ကြည့်ရအောင် she is different i said she has manners but she doesnt have language ဒီစာကြောင်းကိုကြည့်ရင် direct speech နဲ့ရေးထားတဲ့ ဝါကျဖြစ်တယ်။ ပြောတဲ့သူက first person pronoun ဖြစ်တဲ့ “I” ဖြစ်လို့ Capital letter နဲ့ရေးရပါမယ်။ သူ့ရဲ့နောက်ကလိုက်တဲ့ introductory verb ‘said’ ရဲ့နောက်မှာ comma ( , ) ရှိရပါမယ်။ I ကပြောတဲ့ အကြောင်းအရာနှစ်ခုက I ရဲ့ တစ်ဖက်တစ်ချက်မှာ ရှိနေတာတွေ့ရပါမယ်။ I ကပြောတဲ့စကားလုံးတွေက she is different နဲ့ she has manners but she doesn’t have language ဖြစ်လို့ I ကပြောတဲ့ စကားတွေရဲ့ အစမှာ open inverted commas ( “ ) ရှိပြီး သူပြောတဲ့စကားတွေရဲ့အဆုံးမှာ close inverted commas ( ” ) ရှိရပါမယ်။

She is different ဆိုတဲ့ I က ပြောတဲ့ ပထမအကြောင်းအရာရဲ့ နောက်မှာလည်း ဝါကျမဆုံးသေးလို့ comma ရှိရပါမယ်။ ဝါကျရဲ့ ဒုတိယပိုင်းကိုကြည့်မယ်ဆိုရင်နှစ်ပိုင်းပါတာကို တွေ့ရပါမယ်။ she has manners နဲ့ but she doesn’t have language တို့ဖြစ်ပါတယ်။ ဒီအပိုင်း နှစ်ပိုင်းကို but ဆိုတဲ့ sentence connector နဲ့ဆက်ထားလို့ but ဆိုတဲ့ sentence connector ရဲ့ရှေ့မှာ comma ( , ) ရှိရပါမယ်။ ဆက်ပြီးကြည့်မယ်ဆိုရင် doesnt ဆိုတဲ့ စကားလုံးဟာ spelling မမှန်ပါဘူး ။ does နဲ့ not ကိုအတိုကောက် (contracted form) နဲ့ ရေးတာဖြစ်လို့ ‘n’ နဲ့ ‘t’ ကြားမှာ apostrophe (’) ရှိရပါမယ်။ ပြီးတော့ ဝါကျရဲ့အစတွေကို capital letter နဲ့စပြီးရေးရမှာဖြစ်ပြီး ဝါကျရဲ့အဆုံးမှာ full stop ရှိရပါမယ်။ ဒီပေးထားတဲ့ဝါကျကို ကြည့်မယ်ဆိုရင် punctuation marks စုစုပေါင်း (၁၂)ခုလိုပါတယ်။

မေးခွန်းနံပါတ်(၇)မှာ အပိုင်း ၂ ပိုင်း ပါဝင်ပါတယ်။

မေးခွန်းနံပါတ်(၇)ပထမပိုင်း VII A က Stylistic Transformation လို့ခေါ်ပါတယ်။ Finish each sentence in such a way that it means exactly the same as the sentence that is given လို့ မေးမှာဖြစ်တယ်။ ပေးထားတဲ့စာကြောင်း(၁၀)ကြောင်းကို အဓိပ္ပာယ်မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာဖြစ်တယ်။ ပြဋ္ဌာန်းစာအုပ်ထဲမှာ ဒီလို အဓိပ္ပာယ်မပြောင်းလဲဘဲ တည်ဆောက်ပုံမတူတဲ့ဝါကျတွေ Grade 10 မှာရော Grade 11 ပြန်ရေးခိုင်းတဲ့ လေ့ကျင့်ခန်းတွေ အများကြီး ပေးထားတဲ့အတွက် အဲဒီ Grammar Exercise တွေ များများလုပ်ရင် ဒီအပိုင်းကို ကောင်းကောင်းဖြေဆိုနိုင်ကြမှာ ဖြစ်တယ်။

မေးခွန်း(၇)ရဲ့ ဒုတိယပိုင်း VII B ကတော့ paragraph writing ဖြစ်တယ်။ ပေးထားတဲ့ prompts များကိုသုံးပြီး စာပိုဒ်တိုလေးတစ်ပိုဒ်ရေးရမှာ ဖြစ်တယ်။ ကြိုတင်ပြင်ဆင်ရေးသားထားတာတွေကို ဘာမှမစဉ်းစားဘဲ ချရေးတာမျိုး မလုပ်ပါနဲ့။ မေးခွန်းက Using the prompts given, write a very short paragraph on:-ဆိုပြီး ရွေးစရာ (၂)ပုဒ် ပေးပါမယ်။ ကိုယ်ပိုင်တဲ့တစ်ပုဒ်ကို ရွေးပြီး ရေးပါ။ မလိုတာတွေထည့်မရေးပါနဲ့။ Write a short paragraph ဆိုတာကို သတိပြုပါ။ ပေးထားတဲ့ prompts အားလုံးကို ပြန်သုံးပြီး ရေးရမှာမို့လို့ ကိုယ်ပိုင်ဝါကျတွေ တည်ဆောက်တတ်အောင် လေ့ကျင့်ထားကြပါ။ Question VII B. ကို ဖြေတဲ့အခါမှာ ကျောင်းသား၊ကျောင်းသူ တော်တော်များများက အားနည်းတာကို တွေ့ရတယ်။ ပေးထားတဲ့ prompts တွေနဲ့ သဒ္ဒါမှန်တဲ့ ဝါကျတွေ ဆောက်တတ်ဖို့လိုတယ်။ ဥပမာ Dengue Fever အကြောင်းကို ရေးခိုင်းတယ်ဆိုပါစို့။ ပေးထားတဲ့ prompts တွေက

- Dengue fever – viral disease – carried – Aedes mosquito
- Disease occurs mainly – tropical – subtropical regions လို့ ပေးထားတယ်ဆိုပါစို့။

ပထမဝါကျမှာ dengue fever ဟာ viral disease ဖြစ်တယ်လို့ အဓိပ္ပာယ်ရလို့ ဖြစ်ခြင်းကိုပြတဲ့ verb to be ဖြစ်တဲ့“is” ကိုသုံးရပါမယ်။ ပြီးတော့ အဲဒါဝါကျမှာ viral disease ဟာ singular noun ဖြစ်လို့ article ‘a’ ထည့်ပေးရမယ်။ ပြီးတော့ dengue fever ကို Aedes ခြင်က သယ်ဆောင်တာဖြစ်လို့ which is carried by Aedes mosquito လို့ရေးရပါမယ်။ ဒီနေရာမှာ which ဆိုတဲ့ relative pronoun နဲ့ verb to be ဖြစ်တဲ့ is ကို ထားခဲ့ရင်လည်းပဲ ရပါတယ်။ ဒီအပိုင်းကို passive voice နဲ့ ရေးထားတဲ့အတွက် ပြုလုပ်သူ (agent) ဖြစ်တဲ့ Aedes mosquito ရှေ့မှာ by ထည့်ဖို့ လိုပါမယ်။ ပြီးတော့ Aedes mosquito ဆိုတာ ခြင်အမျိုးအစားတစ်မျိုးရဲ့ ကိုယ်ပိုင်နာမည်ဖြစ်လို့ အဲဒီအမည်ရဲ့ရှေ့မှာ definite article ‘the’ လိုပါမယ်။

ဒါကြောင့် Dengue fever – viral disease – carried – Aedes mosquito ဆိုတဲ့ prompts တွေကို ပြန်ရေးရာမှာ Dengue fever is a viral disease, (which is) carried by the Aedes mosquito လို့ ပြန်ရေးရပါမယ်။

နောက်တစ်ကြောင်းကို ရေးပြရမယ်ဆိုရင်ပေးထားတဲ့ prompts တွေက disease occurs mainly – tropical – subtropical regions ဖြစ်ပါတယ်။ ဒီဝါကျကိုကြည့်မယ်ဆိုရင် disease ဆိုတဲ့စကားလုံးနဲ့ စတာဖြစ်ပေမယ့် ပထမဝါကျမှာနိဒါန်းပျိုးပြီးသားဖြစ်တဲ့ dengue fever အကြောင်းကို ပြောတာဖြစ်လို့ definite article ‘the’ လိုပါမယ်။ ပြီးတော့ ဒီရောဂါဟာ tropical နဲ့ subtropical ဒေသတွေမှာ ဖြစ်တဲ့အတွက် နေရာကို ဖော်ပြဖို့ in ဆိုတဲ့ preposition လိုပါမယ်။ ပြီးတော့ နေရာဒေသနှစ်ခုအကြောင်းကိုပြောလို့ tropical နဲ့subtropical ကို and ဆိုတဲ့ conjunction နဲ့ ဆက်ရပါမယ်။ ဒါကြောင့် disease occurs mainly – tropical – subtropical regions ဆိုတဲ့ prompts တွေကို ပြန်ရေးရာမှာ The disease occurs mainly in tropical and subtropical regions. လို့ ပြန်ရေးရပါမယ်။

ဒီလို prompts တွေကိုသုံးပြီး ဝါကျဖြစ်အောင် ပြန်ရေးရာမှာ article တွေဖြစ်တဲ့ “a” တို့ “an” တို့ “the” တို့လိုရင် ထည့်ရမယ်။ verb to be ဖြစ်တဲ့ “am” တို့ “is” တို့ “are” တို့လိုရင် ထည့်ပေးရမယ်။

မေးခွန်းနံပါတ်(၈)ကတော့ letter writing ဖြစ်ပါတယ်။ ပေးထားတဲ့ မေးခွန်း(၃)ပုဒ်ထဲက ကြိုက်ရာတစ်ပုဒ်ပဲ ဖြေရပါမယ်။ ဒီမေးခွန်းကို ဖြေဆိုတဲ့အခါ သတိပြုရမယ့် အချက်တွေကတော့ ပေးထားတဲ့ ညွှန်ကြားချက်တွေကို သေသေချာချာဖတ်ဖို့ပဲ ဖြစ်တယ်။ ဒီနေရာမှာ - (၁)စာရေးမယ့်သူက ဘယ်သူလဲဆိုတာ သိဖို့လိုပါတယ်။ (၂) ဘယ်သူ့ဆီကို ရေးရမလဲဆိုတာ ကြည့်ပါ။ (၃) ဘာအကြောင်းအရာရေးရမလဲဆိုတာအရင် သေသေချာချာဖတ်ပါ။ ရေးခိုင်းတဲ့ အကြောင်းအရာ တစ်ချက်လား၊ နှစ်ချက်လားဆိုတာ သေသေချာချာဖတ်ပြီးမှ ရေးဖို့လိုပါတယ်။ အရေးကြီးတဲ့ အချက်တစ်ချက်ကတော့ မေးခွန်းမှာ စာရေးသူ (addresser) နဲ့ စာလက်ခံရရှိမယ့်သူ (addressee) တွေရဲ့ နာမည်ကို ပေးထားပြီးသားဖြစ်တယ်။ ဒါကြောင့် ကိုယ်ဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်၊ ဘယ်ကျောင်းဘယ်မြို့နယ်ကဖြစ်တယ် ဆိုတာ လုံးဝထည့်မရေးဖို့ အထူးသတိပေးချင်ပါတယ်။

နမူနာမေးခွန်းတစ်ပုဒ်ကိုကြည့်ကြရအောင်၊ You are Bo Bo. You live at No.1, Pagoda Road, Pyay. Write a letter to your friend Aung Aung who lives in Bago, telling him about the school activities you participated in and how useful they are for students.

ဒီမေးခွန်းကိုကြည့်ရင် စာရေးမယ့်သူက Bo Bo ဖြစ်တယ်။ ဘယ်သူ့ဆီကို ရေးမလဲဆိုတော့ Aung Aung ဆီကို ရေးရမှာဖြစ်လို့ Dear Aung Aung လို့စရေးမယ်။ ပြီးတော့ ရေးခိုင်းတဲ့အကြောင်းအရာကို ကြည့်မယ်ဆိုရင် telling him about the school activities you participated in နဲ့ how useful they are for students ဆိုတဲ့ အကြောင်းအရာနှစ်ချက် ပါတဲ့အတွက်ကြောင့် နှစ်ချက်လုံးပါအောင်ရေးမှသာ အမှတ်ကောင်းကောင်းရမှာဖြစ်တယ်။ အလွတ်ကျက်ထားတဲ့ စာတွေကို ရေးပေးလိုက်တာမျိုး မလုပ်ပါနဲ့။ ရေးရမယ့်အကြောင်းအရာကို မသိဘဲ အလွတ်ကျက်ထားတာအားလုံး ချရေးပြီး ဖြေတာမျိုးဟာ အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။ လိုရင်းအချက် အားလုံးပါမှ အမှတ်ကောင်းကောင်းရမယ်။

မေးခွန်းနံပါတ်(၉) ကတော့ essay writing ဖြစ်ပါတယ်။ ပေးထားတဲ့ ခေါင်းစဉ်(၃)ခုထဲက ကြိုက်ရာတစ်ခုကို ရေးရမှာ ဖြစ်တယ်။ တက္ကသိုလ်ဝင်စာမေးပွဲအဆင့်မှာ စာစီစာကုံးနဲ့ ပေးစာတွေကို ကောင်းအောင်ရေးနိုင်ဖို့

(၁) Organization- ဖွဲ့စည်းပုံ ကောင်းခြင်း။ အကြောင်းအရာအချက်အလက်တွေကို နိဒါန်း၊ စာကိုယ်၊ နိဂုံး စသဖြင့် အစီအစဉ်ကျကျ ရေးနိုင်ခြင်းဖြစ်တယ်။

(၂) Relevancy- သက်ဆိုင်မှုရှိခြင်း။ မိမိရေးရမယ့် အကြောင်းအရာနဲ့ သက်ဆိုင်တာကိုပဲ ရေးရမှာ ဖြစ်တယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကိုရေးခဲ့ရင် သက်ဆိုင်မှု မရှိဘူးလို့ သတ်မှတ်မှာဖြစ်လို့ အမှတ်မရနိုင်ဘူး။

(၃) Content- အချက်အလက်မှန်ကန်ပြည့်စုံခြင်း။ ရေးရမယ့် အကြောင်းအရာနဲ့ စပ်လျဉ်းတဲ့အချက်အလက်နဲ့ ဥပမာတွေကို ပြည့်ပြည့်စုံစုံ ထည့်သွင်းရေးသားနိုင်ဖို့ လိုပါတယ်။

(၄) Language- အသုံးအနှုန်း မှန်ကန်ခြင်း။ သုံးတဲ့စကားလုံးဝေါဟာရတွေမှန်ခြင်း၊ ကောင်းခြင်း၊ လှခြင်း၊ ကြွယ်ဝခြင်းနဲ့ သဒ္ဒါမှန်မှန်၊ ဝါကျဖွဲ့စည်းပုံ မှန်မှန်နဲ့ ဝါကျအမျိုးမျိုး ရေးတတ်ခြင်းတို့ ဖြစ်တယ်။

(၅) Presentation- တင်ပြပုံကောင်းခြင်း။ ရေးတဲ့အကြောင်းအရာကို စာဖတ်သူ ဖတ်လို့ကောင်းအောင် ဖွဲ့နွဲ့တင်ပြနိုင်စွမ်းရှိရပါမယ်။

ပေးစာရေးရာမှာဖြစ်ဖြစ်၊ စာစီစာကုံးရေးရာမှာပဲဖြစ်ဖြစ် မလိုအပ်ဘဲ အလွန်ရှည်လျားတဲ့ စာတွေ၊ စာစီစာကုံးတွေကို တချို့ကျောင်းသားတွေရေးတာကို တွေ့ရပါတယ်။ ပေးစာများကို ၅ မျက်နှာ ၆ မျက်နှာလောက်ရေးခြင်း၊ စာစီစာကုံးကိုလည်း ၁၀ မျက်နှာ ၁၂ မျက်နှာလောက်ရေးပြီး ရေးတဲ့အကြောင်းအရာတွေ ကျစ်လျစ်ထိမိမှုမရှိခြင်း၊ ဆက်စပ်မှုမရှိခြင်းတို့ကို တွေ့ရပါတယ်။ အကြောင်းအရာတွေကို မနိုင်မနင်း အဆက်အစပ်မရှိဘဲ ထပ်ခါတလဲလဲ ရေးတာမျိုးကိုလည်း ရှောင်ကြဉ်ကြပါ။ မေးထားတဲ့ အကြောင်းအရာက တစ်ချက်လား နှစ်ချက်လားဆိုတာ သေသေချာချာဖတ်ပါ။

ဥပမာ Places of recreation in Myanmar ဆိုတဲ့ စာစီစာကုံးရေးခိုင်းရာမှာ မြန်မာနိုင်ငံမှာရှိတဲ့ အပန်းဖြေနိုင်တဲ့ နေရာများလို့ ပြောတဲ့အတွက် အပန်းဖြေနေရာ တစ်ခုထက်မက ရေးမှ အမှတ်ကောင်းကောင်း ရမှာဖြစ်တယ်။ Places of recreation လို့ ပြောတဲ့အတွက် နေရာတစ်နေရာတည်းအကြောင်းကိုပဲရေးရင် အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။ တက္ကသိုလ်ဝင် စာမေးပွဲကို ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေကို အထူးမှာချင်တာကတော့ ပြဋ္ဌာန်း စာအုပ်မှာပါတဲ့ unit (၁၄)ခုလုံးက စာပိုဒ် passages တွေကို တစ်ခုမကျန် သေသေချာချာ ဖတ်ရှုမှတ်သားဖို့၊ ပေးထားတဲ့ လေ့ကျင့်ခန်းတွေကို များများပြုလုပ်ကြဖို့၊ ကဗျာတွေကိုလည်း ရွတ်ဆိုနိုင်ရုံသာမက၊ အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့လိုပါတယ်။ ဒါမှ တက္ကသိုလ်ဝင်စာမေးပွဲကို ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်မှာ ဖြစ်တယ်။ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူအားလုံး မိမိတို့ကျက်မှတ်ရမယ့် စာတွေကို ကြိုးကြိုးစားစား ကျက်မှတ်လေ့လာပြီး အောင်မြင်မှု ရရှိနိုင်ကြပါစေ။ ။


**ရန်ကုန်တက္ကသိုလ်သတ္တဗေဒဘာသာရပ်ရွှေရတုအထိမ်းအမှတ်**
**ကျင်းပနိုင်ရေးအတွက် အစည်းအဝေးခေါ်ယူခြင်း**

၁၉၆၅ခုနှစ်မှ စတင်ခဲ့သောသတ္တဗေဒအဓိကဘာသာရပ် (ZOOLOGY MAJOR)သည် လာမည့် ၂၀၁၅ခုနှစ်တွင် နှစ်ပေါင်းငါးဆယ်ပြည့် မြောက်တော့မည် ဖြစ်ပါသည်။ လာမည့်၂၀၁၅ခုနှစ်၊ နှစ်ဆန်းပိုင်းအချိန်တွင် ‘ရွှေရတုအထိမ်းအမှတ်အခမ်းအနားများ’ ကျင်းပပြုလုပ်နိုင်ရေးအတွက် လိုအပ်သော ဆွေးနွေးညှိနှိုင်း တိုင်ပင်ဆုံးဖြတ်မှုများပြုလုပ်ဆောင်ရွက်နိုင်ရန် ရန်ကုန်တက္ကသိုလ် (ပင်မ၊ လှိုင်၊ ကြည့်မြင်တိုင်၊ ဗိုလ်တထောင် လုပ်သားများကောလိပ်) သတ္တဗေဒအဓိကမျိုးဆက်ဟောင်း၊ မျိုးဆက်သစ်ဘွဲ့ရကျောင်းသား/သူများအနေဖြင့် အောက်ပါအတိုင်းကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၆-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)
အချိန် - မွန်းလွဲ ၁ နာရီ
နေရာ - ရွှေမန်းကျောင်းတိုက်၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ (မင်္ဂလာဗျူဟာအသင်းတိုက်အနီး)

ဆက်သွယ်စုံစမ်းလိုပါက
၁။ ဆရာဦးကျော်ဘုန်းလင်း ၀၉၄၂၁၁၇၈၅၆၁၊ ၂။ ဦးကျော်-၀၉-၇၃၀၆၅၇၁၁၊ ၃။ ဦးသိန်းထွန်း ၀၉-၄၃၀၈၄၄၂၉၊ ၄။ ဦးချစ်ကိုကို-၀၉-၅၁၉၀၂၅၃၊ ၅။ ဦးတင့်ဇော်-၀၉-၅၀၄၂၉၇၉၊ ၆။ ဦးစောဝင်း ၀၉-၁၁၁၁၅၀၂၆၊ ၇။ ဦးမောရစ်-၀၉-၄၂၀၀၉၉၅၆၆၊ ၈။ ဒေါ်ကေသီခိုင်-၀၉-၁၁၄၉၅၇၇၂၊ ၉။ ဦးကျော်စိုးမိုး(လုပ်သား)၀၉-၅၀၅၆၇၇၉၊ ၁၀။ ဦးမြင့်လွင်(လုပ်သား)၀၉-၄၃၀၆၈၈၃၆





**ကြော်ငြာစာ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(၈၈-၄)၊ ဦးပိုင်အမှတ်(၈)၊ ၅၆×၅၇ ကြား၊ အောင်ဆန်းနှင့်ကျွဲကြား၊ ဦးကိုလေးအမည်ပေါက် တောဂရန်မြေကွက်အား အမည်ပေါက်သူ ဦးကိုလေး(လူပျိုကြီးဘဝ)ဖြင့်ကွယ်လွန်၍ ညီမဖြစ်သူ ဒေါ်ခင်ကြည် [၉/မရတ(နိုင်)၁၀၅၀၁၃]မှ တောဂရန်၊ တရားရုံးကျမ်းကျိန်ချက်၊ သေဆုံးကြောင်းသဂြိုဟ်ခွင့်လက်မှတ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ



**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ (၁၁)ရပ်ကွက်၊ မြေကွက်အမှတ်(၆၅၆)၊ ပေ(၄၀×၆၀)၊ မြေကွက်အား ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လတ်လတ်ထွန်း[၁၂/မဂတ(နိုင်)၀၄၀၄၄၉]ထံမှ ကျွန်ုပ်ဦးဆန်းနိုင်လင်း[၈/ခမန(နိုင်)၁၀၂၇၀၆]က ဝယ်ယူ ရန်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်း ခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား တရားဥပဒေနှင့်အညီ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါ သည်။

ကိုဆန်းနိုင်လင်း[၈/ခမန(နိုင်)၁၀၂၇၀၆]
ဖုန်း-၀၉၂၅၀၂၀၀၇၇

## ဖြူးဆရာတော်ကြီး၏ တပည့်ကြီး ဖြူးမဟာစည်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂဝရ အထူးတရားပွဲ

ဖြူးမဟာစည်ရိပ်သာများနှင့် ရတနာစိန်စည် ပရိယတ္တိစာသင်တိုက်တို့၏ ပဓာန နာယကဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ သာသနာပြုနယ်လှည့်ဓမ္မကထိက၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ MA, Ph.D, INDIA အရှင်သူမြတ်သည် * ၁၇-၁-၂၀၁၄ ဘန်းလောင်ကျေးရွာ၊ ဖြူးမြို့နယ် ဓမ္မသဘင် * ၁၈-၁-၂၀၁၄ (၁၂)ရပ်ကွက်၊ လှိုင်၊ ပညာရေးဝန်ထမ်းမိသားစု ဓမ္မသဘင် * ၂၀-၁-၂၀၁၄မှ ၂၁-၁-၂၀၁၄ တာချီလိတ်မြို့၊ ဓမ္မသဘင် * ၂၃-၁-၂၀၁၄ သာကေတမြို့နယ်၊ (၂)ရပ်ကွက်၊ မြောက် ၂၈ ဆူဗဟိုဓမ္မာရုံ ဓမ္မသဘင် * ၂၆-၁-၂၀၁၄ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ ဇေယျသိဒ္ဓိမာန်အောင်စေတီတော်တရားပွဲ * ၁-၂-၂၀၁၄ သာကေတမြို့နယ်၊ (၂)တောင်ရပ်ကွက်၊ ဇောတာရုံလမ်း၊ ဓမ္မာရုံ(ဒု-ကြိမ် ဆွမ်းသိမ်းအောင်ပွဲ) ဓမ္မသဘင်၊ ၂-၂-၂၀၁၄ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (ပ)ရပ်ကွက်၊ ဖြူးမဟာစည်ဆွမ်းပဒေသာပင်အလှူဓမ္မသဘင် * ၃-၂-၂၀၁၄ ထေရဝါဒဓမ္မပြန့်ပွားရေးနှင့် နာရေးကူညီမှုအသင်း၊ နေပြည်တော်၊ ပျဉ်းမနားမြို့၊ လယ်တီစံကျောင်းဓမ္မာရုံ ဓမ္မသဘင် * ၅-၂-၂၀၁၄မှ ၆-၂-၂၀၁၄ ဖောင်တော်ဦးကျောင်း၊ မကွေးမြို့ ဓမ္မသဘင် * ၇-၂-၂၀၁၄၊ မေတ္တာရွှေရည်ပရဟိတ လူငယ်များအသင်း၊ မြကန်သာအိမ်ရာ၊ လှိုင် ဓမ္မသဘင် * ၈-၂-၂၀၁၄ မှ ၉-၂-၂၀၁၄ ဖြူးမြို့နယ်လုံးဆိုင်ရာ စာပြန်ပွဲဓမ္မသဘင် * ၁၁-၂-၂၀၁၄ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ဖြူစင်မေတ္တာ နာရေးကူညီမှုအသင်း ဓမ္မသဘင် * ၁၂-၂-၂၀၁၄ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီလမ်း၊ ဆုတောင်းပြည့်ဓာတ်တော်ကျေစေတီတော်၊ ဓမ္မသဘင် * ၁၆-၂-၂၀၁၄ မနော်ဟရီလမ်း၊ သမိုင်း(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဓမ္မသဘင် * ၂၀-၂-၂၀၁၄ မှ ၂၂-၂-၂၀၁၄ တောင်ငူမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိ မူလစာမေးပွဲကြီး ဓမ္မသဘင် * ၁၅-၃-၂၀၁၄ ကျိုက္ခမီမြို့နယ်၊ ခနောင်ရွာ ဓမ္မသဘင်၊ ၂၅-၃-၂၀၁၄ ကန့်ဘလူမြို့နယ်၊ ထန်းတပင်ကျေးရွာ ဓမ္မသဘင်၊ ၁-၄-၂၀၁၄ လသာမြို့နယ်၊ ၁၈လမ်း၊ ဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ပါ၍ တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ဆရာတော်၏ တရားပွဲများကို ပင့်လျှောက်လိုပါက **ဖုန်း-၀၉-၅၃၉၀၄၁၇၊ ၀၉ ၅၀၅၆၁၀၇၊ ၀၉-၅၀၁၇၅၅၄၊ ၀၁-၅၃၀၀၆၈၊ ၀၁-၅၃၀၁၁၃၊ ၀၅၄-၄၀၇၇၁၊ ၀၅၄-၄၀၀၁၂** သို့ ဆက်သွယ်နိုင်ပါသည်။



THE ACTION TIMES FOUNDATION



## မြေညီထပ်တိုက်ခန်းရောင်းမည်

D/၀၀၅၊ မြတ်လေးပန်းလမ်း၊ ရေတာရှည်လမ်းသစ်နှင့် နန္ဒဝန်လမ်းကြား၊ ဗဟန်းမြို့နယ်။

**စုံစမ်းရန်**

**ဖုန်း-၀၉-၂၅၄၁၆၄၀၂၀**



## မြေကွက်ရောင်းလိုသည်

တောင်ဒဂုံ၊ (၁၅၃)၊ နေရာကောင်း၊
မြေကွက် ၈၅ သိန်း၊ ၁၃၅သိန်း
ဒဂုံအရှေ့(၁၁၈)
ထောင့်ကွက် မြေကွက် ၁၆၅ သိန်း
**ဖုန်း-၀၉-၅၁၃၄၆၃၀၊ ၀၉-၃၁၅၅၉၇၅၅**



## အမြန်ရောင်းမည် (Good Conditions)

**-1250 KVA (1000 KW)** CUMINS GENSET

STAMFORD ALTERNATOR (SOUND PROOF TYPE)

**-500 KVA** VOLVO GENSET (SOUND PROOF TYPE)

**ဆက်သွယ်ရန်ဖုန်း-** 01-525218, 09-5401589, 09-5124909.


**သင့်သွေးဖြင့် အသက်ကယ်ပါ**


## လူပျောက်ကြော်ငြာ

ဦးမျိုးမြင့်၊ ဒေါ်သိန်းသိန်းအေးတို့၏သား ဦးမျိုးမောင်မောင် အသက်(၃၅)နှစ် အရပ်(၅)ပေ၊ (၂) လက်မခန့်ရှိ အသားဖြူ ပိန်ပါး၊ ကတုံးဆံပင်၊ ဦးခေါင်းတွင် ချုပ်ရိုးဒဏ်ရာ(V)ပုံရှိ မော်လမြိုင်ကားဂိတ်မှ ရန်ကုန်သို့လာ၊ သထုံမြို့ကားဂိတ်၌ ၂၅-၁၂-၂၀၁၃ ရက်က ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၄၂၂၄၉၁၃၆၃၊ ၀၉-၅၀၁၃၃၁၈၊ ၀၉-၇၃၁၂၆၆၄၅**



## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ်(၆)၊ ၅၈×၅၉ ကြား၊ ၃၉×၄၀ ကြား ဒေါ်လှစန်းရီ အမည်ပေါက် ဂရန်မြေကွက်အား ဒေါ်လှစန်းရီ[၉/ခအဇ(နိုင်)၀၀၂၂၀၈]၏ ဂရန်မူရင်းမှာ အသိမ်းဆည်းလွန်ရင်း ပျောက်ဆုံးသွားပါသဖြင့် ဂရန်ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**



၂၉ယောက်စီး၊ ၂၅ ယောက်စီး၊ Bus ကားများ၊ လုပ်ငန်းသုံး Light Truck များ ရောင်းရန်ရှိသည်။ အိမ်စီး 1000 CC, 1300 CC ကားများ၊ CC/DD Taxi, အမည်ပေါက် Taxi များလည်း ဝယ်ယူရရှိနိုင်ပါသည်။ လက်ငင်း(သို့မဟုတ်)အရစ်ကျငွေချေစနစ်ဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးနေပါသည်။

**ဆက်သွယ်ရန်**
**AYARWADDY POWER SHOWROOM**
**အမှတ်(၆၂)၊ အောင်ဇေယျလမ်း၊ ရန်ကင်းမြို့နယ်**
**ဖုန်း-၀၉-၄၂၁၇၆၃၆၃၈**
**၀၉ -၄၅၀၀၅၅၉၂၀**



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄(ကမာရွတ်)၊ မြေကွက်အမှတ်-၇၂၊ ဧရိယာ(၀. ၁၈၂)ဧက၊ နှစ်(၆၀)မြေငှားစာချုပ် အမည်ပေါက်မှာ ဦးသုဇန(မြိုင်ကြီးငူ ဆရာတော်)ဖြစ်ပါသည်။ အမည်ပေါက်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်-၄၃၉၇/၂၀၁၃ အရ ဝယ်ယူထားသူ ဒေါ်နန်းမောက်လောင်ဆိုင်+၁[၁၃/ကမန(နိုင်)၀၀၆၁၈၈]မှ မြေငှားစာချုပ်(ဂရန်) အမည်ပြောင်းလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြေတိုင်းဌာနခွဲ**

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**



LL.B, D.B.L

B.Sc (Geol), M.P.A, M.A (Business Law), H.G.P, D.M.A, D.A.Psy, D.A.E, D.B.L, D.M.L, D.I.L, D.I.R, PG.D.L.

MYAT & ASSOCIATES LAW FIRM

# လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ညီမလေးတစ်ယောက်လို ချစ်ခင်ရသော စတယ်လာ(ခ)မဖြူဖြူစိမ်း(Spike)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးမှ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ ဖြင့် သုဓမ္မသီဂီဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းအတွက် လိုက်လိုက်လှဲလှဲ ဝမ်းမြောက်မိပါကြောင်းနှင့် ဘာသာသာသနာအကျိုးများနှင့် ပရဟိတလုပ်ငန်းများကို ဆတက်တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဂုဏ်ပြုဆုတောင်းအပ်ပါသည်။

(၁) ဒေါ်ဝင်းစိန်(ဝင်းမေတ္တာ-ကျိုက်လတ်မြို့)
(၂) ဒေါ်ကျင်သန်း(ရွှေဒေါင်းဆန်စက်၊ ကျိုက်လတ်မြို့)
(၃) မကောသီ မဒေဇီ(မော်လမြိုင်မြို့ ဘုရင့်ရုပ်ရှင်ရုံနှင့် စိန်ရောင်းဝယ်ရေး)
(၄) ကိုထွန်းဝေ+မသန်းသန်း(ဓါးထွန်းဝေ စိန်ရွှေရတနာဆိုင်၊ အင်းစိန်၊ တော့ကန်)



## စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ တလိုင်းထိန်ရပ်၊ မင်္ဂလာလမ်းနေ
ဦးတင်စိုး-ဒေါ်ကျင်အေးတို့၏သားကြီး

**မောင်ဘိုဘိုအောင် B.A(Hons:)English**

**Program Associate (Foundation for Culture and Environment Southeast Asia)**

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဥယျာဉ်လမ်းသွယ်နေ
ဦးသန်းထွန်း(Managing Director-လာဘ်ဖြိုးသစ်ကုမ္ပဏီ)-ဒေါ်ကြည်ကြည်မေ(လက်ထောက်ညွှန်ကြားရေးမှူး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန)တို့၏ တစ်ဦးတည်းသောသမီး

**မဝတ်ရည်မွန်ဦး B.C.Sc(UCSY)**

**Program Assistant (Myanmar Agri-Tech Ltd) (A Member OF SPA/FMI Group)**

တို့၏ ၄-၁-၂၀၁၄ ရက် Sedonal Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ် ထိမ်းမြားလက်ထပ်မင်္ဂလာအခမ်းအနားတွင် စုလျားရစ်ပတ်ထိမ်းမြားပေးပါသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုးမင်းနှင့်ဇနီး ဒေါ်ဆွေဆွေရီ၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဥက္ကဋ္ဌ-အမျိုးသားစီပွားရေးနှင့်လူမှုရေးအကြံပေးကောင်စီ၊ ဥက္ကဋ္ဌ-စိုက်ပျိုးရေးအဖွဲ့ Yoma Strategic Holdings Ltd ဦးတင်ထွဋ်ဦးနှင့်ဇနီး ဒေါ်ဥမ္မာဟိန်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သတင်းနှင့်စာနယ်ဇင်းညွှန်ကြားရေးမှူး(ငြိမ်း)ဦးလှထွန်း(တွံတေးလှထွန်း)နှင့်ဇနီး ဒေါ်ညွန့်ညွန့်သန်း(ညွှန်ကြားရေးမှူး-ငြိမ်း)၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဌာနဆိုင်ရာအကြီးအကဲများနှင့် SPA/FMI Group မှ အကြီးအကဲများ၊ Myanmar Agri-Tech Ltd မှအကြီးအကဲများ ဝန်ထမ်းများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ ကြွရောက်ချီးမြှင့်ပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် မင်္ဂလာအခမ်းအနား အစ၊ အလယ်၊ အဆုံး ကူညီဆောင်ရွက်ပေးပါသော ချစ်သူငယ်ချင်းများ၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ချစ်သူငယ်ချင်းများ၊ မင်္ဂလာဘိသိက် သွန်းလောင်းပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး သီကျူးပေးပါသော တေးသံရှင်စိမ်းမို့မို့၊ မင်္ဂလာတေးသံသာများ သီကျူးပေးပါသော The Aces တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲ ပေးပါသော မနန်းယုဝေနှင့် မခိုင်ဝေလွင်၊ သတို့သားအရံ မောင်ကြည်သာထွန်း၊ မောင်ကောင်းလှဖေ၊ သတို့သမီးအရံ မမီမီဇင်ဦးနှင့် မနော်မီလျံအောင်ထွဋ်၊ မင်္ဂလာဝတ်စုံ ဆင်မြန်းပေးပါသော Yes I Do Wedding Dress၊ မိတ်ကပ်လိမ်းခြယ်ပေးပါသော ဒီဇင်ဘာနှင်းနှင့်အဖွဲ့၊ လက်ဝတ်ရတနာဆင်မြန်းပေးပါသော မနှင်းရည်ကျော်(ငွေမြင့်မိုရ်-ဗိုလ်ချုပ်ဈေး)၊ မင်္ဂလာပန်းအလှခင်းကျင်းပေးပါသော ရွှေနန်းမြင့်မှ ကိုမျိုးချစ်နှင့်အဖွဲ့သားများ၊ ဗီဒီယို ကိုရဲတင့်(နဝရတ်)နှင့်အဖွဲ့၊ ဓာတ်ပုံ ကျော်လူလူမင်းနှင့်အဖွဲ့၊ Pre-Wedding Photo ရိုက်ကူးပေးပါသော Yes I Do Wedding Photo Studio တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနား ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီပေးပါသော Sedona Hotel မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း ကျေးဇူးအထူးတင်ရှိပါကြောင်း။ ထို့အပြင် ရန်ကုန်မြို့၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဆွမ်းစားဆောင်တွင် ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဦးဆွမ်းကျွေး အလှူတော်မင်္ဂလာသို့ ကြွရောက်ချီးမြှင့်ပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများအားလည်းကောင်း၊ ၁၁-၁-၂၀၁၄ရက် ထားဝယ်မြို့၊ ဦးလွန်းဘော်လမ်း၊ အနောက်ရပ်၊ ဇမ္ဗူရစ်မြက်ခင်းပြင်တွင် ကျင်းပပြုလုပ်သော မင်္ဂလာညစာ တည်ခင်းဧည့်ခံပွဲ၌ မင်္ဂလာတေးသံသာများ သီကျူးပေးပါသော Perfect Music Band၊ မင်္ဂလာမိတ်ကပ် လိမ်းခြယ်ပေးပါသော အောင်ခင်ဆင့်နှင့်အဖွဲ့၊ အဘက်ဘက်မှ အားကျိုးမာန်တက် ကူညီပေးသော ထားဝယ်မြို့မှ ချစ်သူငယ်ချင်းများနှင့် ကြွရောက်ချီးမြှင့်ပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့နှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဘိုဘိုအောင်-ဝတ်ရည်မွန်ဦး**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃/ဇေယျာသီရိ၊ မြေကွက်အမှတ်-၃၅၊ မြေကွက်တည်နေရာအမှတ်(၂၃၁)၊ အောင်မိတ်ဆွေလမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (ဦးထွန်းရီ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းရီ (ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ခင်မြ[၁၂/ဒပန(နိုင်)၀၀၃၅၉၇]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄(A)(S-၉၁)၊ မြေကွက်အမှတ်-၁၄၄၊ မြေကွက်တည်နေရာအမှတ်-၃၀၊ ဓမ္မဒါနလမ်း၊ မလွှကုန်းဌေးကြွယ်ရပ်ကွက်၊ (ဒေါ်အေးမယ်) အမည်ပေါက် စက္ကာတာမြေအား အမည်ပေါက် ဒေါ်အေးမယ်(မိခင်)နှင့် ဦးသာမွှေး(ဖခင်)တို့ကွယ်လွန်သဖြင့် ဒေါ်လှမွှေး[၁၂/တမန(နိုင်)၀၀၅၄၈၈]က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၀)၊ လူနေရပ်ကွက်အမှတ်(၃၀)၊ ဆောင်းဟေမာန်အိမ်ရာ၊ တိုက်အမှတ်(၁၁)၊ အခန်း(၂)အား ဦးညီညီဝင်း[၁၂/ရကန(နိုင်)၀၁၂၅၀၁]ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်သူဇာအောင်[၁၂/အစန(နိုင်)၀၃၁၇၂၀]က တိုက်ခန်းအမည်ပေါက်နှင့် နေထိုင်ခွင့်စာချုပ်ထုတ်ပေးပါရန် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၆/၃)၊ လူနေရပ်ကွက်အမှတ်-(၁၆/၃)၊ မြေကွက်အမှတ်(၃၉၄)၊ မာလာမြိုင်လမ်း၊ အမှတ်(၃၉၄)၊ အကျယ်အဝန်း ပေ(၄၀×၆၀) (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်အား မူလအမည်ပေါက်ထံမှ တရားဝင် ဝယ်ယူလက်ရှိ နေထိုင်ပိုင်ဆိုင်သူ ဦးစောမင်း(PME-002086)ထံမှ အပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇) ဒေါ်နှင်းပွင့်သန်း(LL.B)(စဉ်-၂၇၀၇၅)**
**လင်း အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းအကျိုးဆောင် အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၄၀၂၅၉၄၃၄၇**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၅လမ်း၊ အမှတ်-၂၉နေ ဦးမောင်လှ[၁၂/တမန(နိုင်)၀၈၆၈၁၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ဦးမောင်လှ၏ အဘိုးနှင့်အဘွားဖြစ်သူ ဦးမောင်ကြီးနှင့် ဒေါ်လှတင်တို့သည် လွန်ခဲ့သော(၅၂)နှစ်ခန့်ကလည်းကောင်း၊ ဖခင် ဦးကိုကိုလေးမှာ (၅)နှစ်ခန့်ကလည်းကောင်း ကွယ်လွန်ခဲ့ကြပြီး ဖြစ်ပါသည်။ အဘိုးဖြစ်သူ ဦးမောင်ကြီးပိုင်ဆိုင်သော ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၂)ရပ်ကွက်၊ (၃၄)လမ်းအလယ်၊ တတိယထပ်(ဝဲယာ)တိုက်ခန်း(၂)ခန်းမှာ မြေးများဖြစ်ကြသော ဦးမောင်လှ၊ ဒေါ်ဌေးဌေးမြင့်၊ ဦးအောင်ကိုကိုလေးတို့ မောင်နှမ(၃)ဦး၏ အမွေဆိုင်ရေးဆိုင်ခွင့်ရှိသော အခန်းများအဖြစ် ကျန်ရှိခဲ့ပါသည်။ အဆိုပါတိုက်ခန်း(၂)ခန်းကို ဦးမောင်လှတို့ မောင်နှမ(၃)ဦး၏ သဘောဆန္ဒမပါဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လျှုဒါန်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက တရားဝင်ဖြစ်မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစန်းမြင့် LL.B,D.L.P,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၉၀)**
**တိုက်-၂၊ အခန်း(၄၀၂)၊ ၁၂လမ်း(A)၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်းမြို့နယ်**
**ဖုန်း-၀၉-၇၃၁၉၉၀၈၃**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉၅)၊ လူနေရပ်ကွက်အမှတ်(လဲ့ကွဲစမ်း)၊ မြေကွက်အမှတ်(၁၀၆/က $^{၁.B}$)၊ ဧရိယာ(၀.၀၉)ဧကရှိမြေကွက်၊ မြေကွက်အမှတ်(၁၀၆/က $^{၁.C}$)၊ ဧရိယာ(၀.၀၉)ဧကရှိ မြေကွက်နှင့်မြေကွက်အမှတ်(၁၀၆/က $^{၁.D}$)၊ ဧရိယာ(၀.၀၉) ဧကအကျယ်အဝန်းရှိ မြေအမျိုးအစား B-လ/န(အိမ်ရာမြေ) မြေကွက်(၃)ကွက်နှင့်ယင်းမြေကွက် ပေါ်ရှိ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ လေဆိပ်ရိပ်သာလမ်းသွယ် (၂)လမ်း၊ အမှတ်(၆၁၆)ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးစိုင်းနေမျိုးဝမ်း[၁၂/ကမတ(နိုင်)၀၅၂၅၉၆]ထံမှ မေတ္တာဖြင့် အပိုင်ပေးစာချုပ်များဖြင့် ပိုင်ဆိုင်လက်ဝယ်ရှိသူ ဒေါ်နန်းစိမ့်ဖြူပြာဝမ်း[၁၂/ကမတ(နိုင်)၀၆၁၈၄၆]နှင့် ဒေါ်နန်းစိမ့်မှူယာဝမ်း[၁၂/ကမတ(နိုင်)၀၆၁၈၄၅]တို့ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ယခု အရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဦးဇော်ဝင်းထွန်း (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၀၃)**
**အမှတ်(၂၈)၊ မြေညီထပ်၊ မင်္ဂလာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၃၄၆၅၂၊ ၀၉-၄၅၀၀၃၉၂၁၀**

စေတနာအာရုံ ခြံနိုးဘွားခန်းတော် ခင်နန္ဒာ နှင့် သွားစိုးနော် (၂၀၁၃-၂၀၁၄ ဗုဒ္ဓဘာသာဘုရားဖူးခရီးစဉ်များအတွက် ဝန်ဆောင်မှုအသစ်များ)

## (၁၀-၁-၂၀၁၄) ပြန်လည်ရောက်ရှိ ခရီးသည်များမှ ခင်နန္ဒာ သို့ ဝိုသမေတ္တာ မှတ်တမ်းများ

US MBA

The First Accredited US MBA Now in Myanmar
by Myanmar Metropolitan College
www.potomac.edu

In Collaboration with University of the Potomac, Washington, D.C., & UBIS

Enroll now to become US qualified Business Leader

MMC
Myanmar Metropolitan College

- Any Degree Holder (Any Major)
- No Entrance Test
- No IELTS/ TOFEL & GMAT
- 100% Assignment (No Exam)

Very Flexible Part Time study
2 Years Program @ MMC
2014 Jan Intake

MMC City Campus

01-891402 09-5010196

ဆရာရဲ ဦးရေသန့် ဆံပင်သန့်ဆေး

Asia General Electric Co., Ltd.

အမြန်ရောင်းမည်
09-250837617 09-254046496 09-731799984

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁)၊ ဦးပိုင်အမှတ်(၂၇)၊ ၇၃လမ်း၊ သာယာဝတီမင်းကြီးလမ်း၊ ဦးကျော်ကျော်အမည်ပေါက်ဂရန်မြေကွက်အား အမည်ပေါက်သူ ဦးကျော်ကျော် [၁၂/လသန(နိုင်)၀၀၀၄၇၉]၏ ဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဦးဇော်မင်းဦး[၁၂/ဥကမ(နိုင်)၀၁၇၈၂၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လက်ပံတန်းစုကျေးရွာ၊ ကညင်ပင်ကွင်း၊ ဦးပိုင်အမှတ်(၆၄၉)၊ ဧရိယာပေ(၈၀×၁၆၀)၊ (E6,G6)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလပိုင်ရှင် ဦးကြည်မြင့်ထံမှ ၂၁-၆-၂၀၁၂ရက်စွဲပါ နှစ်ဦးသဘောတူ ခြံမြေအရောင်းအဝယ်စာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူ၍ဦးဇော်မင်းဦး[၁၂/ဥကမ (နိုင်)၀၁၇၈၂၂]က တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်သူဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မင်းဦး၏ အတိအလင်းသဘောတူညီချက်မရရှိဘဲ ယင်းမြေကွက်အား ကျူးကျော်ခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝင်းသီတာဝေ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၇၈၂၆)**
**အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(D-4/5)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၁၇၇၂၃၀**

## အများသိစေရန်

အမှတ်(ခ/၂၁၅)၊ မြို့သစ်(၂)လမ်းသွယ်၊ ဆန်းချိရပ်ကွက်၊ ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးဟုခေါ်တွင်သော တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ မြေတိုင်းရပ်ကွက်ဆန်းချိရပ်ကွက်၊ မြေကွက်အမှတ်(ခ/၂၁၅)မြေအကျယ်အဝန်း ပေ(၄၀×၈၀)၊ စတုရန်းပေ(၃၂၀၀)၊ ဧရိယာ(၀. ၀၇၃၅)ဧကရှိ နှစ်(၃၀)မြေငှားဂရန်မြေအမျိုးအစား (အိမ်ရာမြေကွက်+ ယင်းအိမ်ရာမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံ+တပ်ဆင်အသုံးပြုလျက်ရှိသည့်အိမ်သုံးလျှပ်စစ်မီတာ၊ ရေလိုင်း+မီးလိုင်း)အပြည့်အစုံတို့ကို ဦးဝင်းသက်[၆/ထဝန(နိုင်)၀၄၉၆၂၅]၊ ဒေါ်ရီရီစန်း[၆/လလန(နိုင်)၀၆၂၄၂၉]တို့မှ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး ယင်းပစ္စည်းအရပ်ရပ်နှင့် အကျိုးခံစားခွင့်အားလုံးတို့ကို မချိုချိုဇင်[၆/ခမက(နိုင်)၀၀၄၇၈၇]က တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါ ကျွန်ုပ်မိတ်ဆွေမှ မချိုချိုဇင်ထံမှ ပြန်လည်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းပစ္စည်းအရပ်ရပ်တို့၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူများရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထား၊ မှတ်ပုံတင်စာချုပ်စာတမ်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးပြတ်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးယဉ်အောင် (LL.B)** | **ဦးဥက္ကာအေး(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၃၉၈၆၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၃၁၁၉)** |
| **အမှတ်(၅၁)၊ ရွှေမြင့်မိုရ်လမ်း၊** | **အမှတ်(၇၇၆)၊ ဆည်မြောင်း(၅)လမ်း၊** |
| **(၂၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊** | **(၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊** |
| **ရန်ကုန်မြို့။ ဖုန်း-၀၉၄၂၀၄၃၂၅၁** | **ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၀၄၂၆၉** |